ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ တနင်္လာနေ့၊ (24-8-2015) (၈၃၀၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အာဆောန်နီး ရာစန်ယုခ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးဒေသရေဘေးသင့်ပြန်လည်ထူထောင်ရေး လူထုတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြား

### ရေဘေးသင့်ပြည်သူများအားကူညီနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်

သတင်း စာမျက်နှာ » ၃

# ဇာမဏီအင်းနှင့် ဘန့်ဘွေးကုန်းရေလှောင်တမံတို့ လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ထား

**ရန်ကုန် ဩဂုတ် ၂၃**

နိုင်ငံတစ်ဝန်း မိုးလေဝသအခြေအနေအရ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီးရှိ ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအနီးရှိ ဘန့်ဘွေးကုန်းရေလှောင်တမံတို့ကို လုံခြုံစိတ်ချမှုရှိစေရေးအတွက် ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ပြည်သူများစိုးရိမ်ပူပန်စရာမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐

သတင်းနှင့်ဓာတ်ပုံ » စိုးဝင်း(MLA)



ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအနီးရှိ ဘန့်ဘွေးကုန်းရေလှောင်တမံကို တွေ့ရစဉ်။

## ရေကြီးနစ်မြုပ်မှုများကြောင့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း စက်တင်ဘာလတွင်မှ ထုတ်ပြန်မည်

**နေပြည်တော် ဩဂုတ် ၂၃**

နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို လာမည့်စက်တင်ဘာလအတွင်းတွင်မှ ထုတ်ပြန်နိုင်မည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှသိရသည်။

တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို မူလက ဩဂုတ်လ ၂၃ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ ကြေညာ၍ကပ်ထားရန် စီစဉ်ထားသော်လည်း ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းအတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးနစ်မြုပ်မှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များကြောင့် စက်တင်ဘာလအတွင်းတွင်မှ ထုတ်ပြန်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

သတင်း ရဲခေါင်ညွန့် ဓာတ်ပုံ ဖိုးထောင်




အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့် ၂၄-၈-၂၀၁၅၊ တနင်္လာနေ့**

# မှန်ကန်စွာမှတ်သားရယူ

စာပေသည် လူတို့၏နှလုံးသားတွင် ပကတိအရှိအတိုင်း ထင်ဟပ်စွဲထင်ကျန်ရစ်စေသည့် အဆင်တန်ဆာဖြစ်သည်။ မည်သည့်စာပေအမျိုးအစားတွင်မဆို မှန်ကန်သောအယူအဆများနှင့် စာဖတ်သူတို့၏ နှလုံးသားတွင် ထိထိမိမိ တင်ပြနိုင်သော ရေးဖွဲ့မှုမျိုးကို စာကောင်းပေမွန်ဟု အကြမ်းဖျင်းဆိုနိုင်ပါသည်။

သာဓကအားဖြင့် မြန်မာစာပေတစ်ခေတ်ဆန်းသော ခေတ်စမ်းစာပေခေတ်က မြန်မာစာအရေးအသားများအား လေ့လာကြည့်လျှင် သိမြင်နိုင်ပါသည်။ ထိုခေတ်ကာလမြန်မာစာဆိုများက စာပန်းပွင့်ကလေးများအား ဘဝတစ်ကွေ့လိုက်လံရှာဖွေ၊ ကောက်ယူသီကုံး၊ အမြတ်တနိုးဆင်မြန်းပေးခဲ့ကြပါသည်။

ထိုပန်းကုံးများကို လည်တွင်ဆင်မြန်းလျက် မျိုးဆက်ဟောင်းများကံ့ကော်ရိပ်တွင် နားခိုခဲ့ဖူးသည်။ စိန်ပန်းရိပ်တွင်လည်း လွမ်းမောဖူးသည်။ တမာရိပ်တွင်လည်း မှေးစက်ခဲ့ဖူးသည်။ မြဝါးရုံရိပ်တွင်လည်း ခံစားဖူးသည်။ အင်းလျားရိပ်တွင်လည်း အလွမ်းသင့်ခဲ့ဖူးသည်။ ယင်းကာလက ထိုပန်းကုံးတို့၏ရနံ့သည် အနီးအဝေးနှင့် ဝန်းကျင်တစ်ခွင် မွှေးကြိုင်သင်းပျံ့ခဲ့သည်။

ပန်းကုံးကဲ့သို့ သီကုံးထုံးဖွဲ့ထားသော အက္ခရာစာလုံးလေးများက လူတို့အား သိစေတတ်သည့်၊ အသိပေးတတ်သည့် အစွဲကိုပြု၍ ၎င်းတို့ကို 'ဇာ'ဟု ရှေးဦးသမုတ်ကြရာမှ ယနေ့ခေတ်တွင် 'စာ'ဟု ခေါ်တွင်လာကြသည်။ ဤသို့မှတ်စရာ ထိုထိုစာကို ထိုခေတ်ထိုကာလက ဤသို့ရေးဖွဲ့ခဲ့ကြသည်။ နိုင်ငံ၏လူဦးရေအနည်းငယ်မျှနှင့် ထုတ်ဝေသည့်စောင်ရေ များလှသည်မှာ စာကစာဖတ်သူအပေါ် လွှမ်းမိုးခြယ်လှယ်နိုင်မှုအစွမ်းမှာ အံ့မခန်းဖြစ်သည်။

လူသည် အခြားသတ္တဝါများထက် အသိစိတ်လွန်ကဲ များပြားသူဖြစ်သည့်အားလျော်စွာ မိမိသိထားသော အသိကိုလည်းကောင်း၊ မိမိခံစားချက်လိုအင်ဆန္ဒများကိုလည်းကောင်း သူတစ်ပါးအားဖွင့်ဟချင်ကြသည်။ အများသူငါသိရှိစေလိုသောအခါ စာထက်အက္ခရာတင်၍ ဖွင့်ဟကြသည်။ ထိုသို့ဖွင့်ဟကြသောအခါ သီကုံးပန်းသွင်ဆင်ယင်ပြီး နာပျော်ဖွယ်ရာအကျိုးရှိသောစကားများကို ဖွင့်ဟမှသာ စာကောင်းပေမွန်ဖြစ်မည်။

လောကတွင် စည်းကမ်းဟူသည် ရှိစမြဲဖြစ်သည်။ မြစ်ချောင်းမှာလည်း မြစ်ချောင်းစည်းကမ်းနှင့်၊ နေလမှာလည်း နေလစည်းကမ်းနှင့်၊ သစ်ပင်ပန်းမန်မှာလည်း သစ်ပင်ပန်းမန်စည်းကမ်းနှင့်၊ လူမှာလည်း လူ့စည်းကမ်းနှင့်ရှိကြသလို စာမှာလည်း သူ့စည်း၊ သူ့ကမ်းနှင့်ရှိသည်။ သီကုံးပန်းသွင်ဆင်မြန်းထားသောစာကို နာပျော်ဖွယ်မှတ်သားရသောအခါ ရင်ထဲစွဲငြိကာအကျိုးများ၏။

စာပေ၏အကျိုးကား များလှ၏။ လက်သစ်တောင်တာဆုံးမစာတွင် "ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည်း"ဟု စာဆိုအကျော် ရှင်မဟာရဋ္ဌသာရက ဆိုထားသည်။ စာပေအာဟာရ စားသုံးရလျှင် လိမ္မာသက်ရှည် ဂုဏ်ရည်ပြည့်ဝအောင်ပွဲရ၏ဟုလည်း စာပေ၏ကျေးဇူးကို ဖော်ညွှန်းထားသည်။

မျက်မှောက်ကာလတွင် ခေတ်စမ်းစာပေကိုလွန်မြောက်၍ ခေတ်သစ်စာပေလောကသို့ရောက်လာသည်။ ခေတ်ကာလအပြောင်းအလဲအလျောက် စာပေရေစီးကြောင်းပြောင်းလဲမှုအပေါ် အများသူငါလက်ခံကြသည်။ သီကုံးပန်းသွင်ဆင်ယင်ကာ မှတ်သားနာပျော်ဖွယ်သာမက စာပေအသုံးအနှုန်းများမှာလည်း ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲလာသည်ကို ကြိုဆိုရမည်ဖြစ်သည်။

သာယာနာပျော်ဖွယ်မှတ်သားရသည်မှ အတုံးလိုက်အတစ်လိုက် တစ်တစ်ခွခွမှတ်သားကြသည်လည်းရှိသည်။ ပညာပေးသုတရသစာပေမှ ဝေဖန်ရေးသုတရသစာပေများပိုကဲလာသည်။ စာပေလိုက်စားရာတွင် သူတောင်းစားလွယ်အိတ် သို့မဟုတ် အရှုးလွယ်အိတ်ကဲ့သို့ စုဆောင်းရာ၌ ထွေရာလေးပါး ရရာစာစကားများကို မိမိ၏လွယ်အိတ်အတွင်းသို့ ထည့်သွင်းရမည်သာဖြစ်သည်။

သို့ရာတွင် ကြားသမျှ၊ မြင်သမျှ၊ သိသမျှ လောကီ၊ လောကုတ္တရာ ဗဟုသုတအဖြာဖြာနှင့် အသိပညာ၊ အတတ်ပညာတို့ကို ရှာဖွေစုဆောင်း မှတ်သားကြရာ၌ မိမိအသိဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားကာ တော်၏၊ မတော်၏၊ သင့်၏၊ မသင့်၏ ခွဲခြမ်းစိတ်ဖြာကာ မှတ်သားနာယူခြင်းဖြင့် သင်၏စိတ်ခွန်အားကို သင်ကိုယ်တိုင် မှန်မှန်ကန်ကန် သွေးယူနိုင်သူဖြစ်စေလိုပါသည်။ ။



# မြန်မာ့ရိုးရာဓလေ့ကိုဖော်ထုတ်သော အိုးပုတ်ပွဲတော်စည်ကားစွာကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

အသစ်တွေ ဘယ်လိုပင်ကောင်းသော်လည်း အဟောင်းကိုတော့ဖြင့် မမေ့နိုင်ဆိုသည့်အတိုင်း မြန်မာ့ကလေးငယ်လေးများ မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ပြုလုပ်ထားသော အိုးပုတ်ချိုးရုပ်လေးများကို မြတ်နိုးတန်ဖိုးထား၍ ပျော်ရွှင်စွာဆော့ကစားလာကြစေရန်ရည်ရွယ်၍ အိုးပုတ်ပွဲတော်ကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အိုးဘိုရွှေကျောင်းပတ္တမြားတော ရပ်ကွက်၌ ဩဂုတ် ၂၃ ရက် ညနေပိုင်းက အစဉ်အလာမပျက် ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

မည်သည့်အချိန် ကာလကတည်းက စတင်ကျင်းပခဲ့သည်ကို အတိအကျမသိရှိနိုင်သော်လည်း မြန်မာလူမျိုးတို့၏ ရှေးအစဉ်အလာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရေးအတွက် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း ပွဲတော်ကျင်းပရေးဂေါပကအဖွဲ့ဝင် ဦးဘစီက ပြောသည်။

"အဘတို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက ကျင်းပလာခဲ့ကြတဲ့ ရိုးရာဓလေ့ပွဲတော်တစ်ခုပါ။ ခေတ်မီနည်းပညာတွေ တိုးတက်နေတဲ့ ခေတ်ကြီးမှာ တို့မြန်မာတွေရဲ့ ပထမဦးဆုံးလက်မှုပညာရပ် ဖြစ်တဲ့ အိုးအတတ်ပညာ အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ပွဲတော်တစ်ခုဆိုရင်လည်း မမှားဘူးပေါ့။ ဒီလိုပွဲတော်မျိုးတွေ မြန်မာပြည်အနှံ့ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပေးနိုင်ရင်ကောင်းမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါပွဲတော်တွင် မြေထည်ပစ္စည်းများဖြစ်သည့် အိုးပုတ်၊ ချိုးရုပ်၊ ငှက်ရုပ်၊ ဆီမီးခွက်များနှင့် မြေအိုး၊ စဉ့်ထည်၊ ပန်းအိုး၊ ပေါင်းအိုး၊ ရေအိုးများကို မြို့ရွာအနှံ့မှ လာရောက်ရောင်းချကြသော ဈေးဆိုင်တန်းကြီးမှာ အိုးဘိုဧရာဝတီတာရိုးတစ်လျှောက်မှ ရပ်ကွက်လမ်းများအထိ ရှည်လျားစွာရှိနေသည့်အပြင် မြို့နယ်၊ ရပ်ကွက်ရှိ ဒေသခံများသာမက အနီးအနား ကျေးရွာများမှပါ လာရောက်ဝယ်ယူကြသဖြင့် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်ကြောင်း အိုးဘိုရပ်ကွက်မှ မအေးဝင်းကပြောသည်။

"ပွဲတော်မတိုင်ခင်ကတည်းက ဈေးသည်တွေကြောင့် ကျွန်မတို့ရပ်ကွက်မှာစည်ကားနေပါပြီ။ ပွဲတော်ရက်မှာလည်း ရောင်းသူဝယ်သူတွေအပြင် ကျွန်မတို့ရပ်ကွက်ရဲ့ ဓလေ့ထုံးစံအရ အိမ်တိုင်းမှာ ရိုးရာမုန့်မျိုးစုံပြုလုပ်ပြီးခင်မင်ရင်းနှီးသူတွေကို ကျွေးမွေးကြတာဆိုတော့ အလွန်ကိုပျော်ဖို့ကောင်းတဲ့ ပွဲတော်တစ်ခုပါ"ဟု ၎င်းက ဆိုသည်။

တစ်နှစ်တွင် တစ်ရက်သာ ကျင်းပသည့် ပွဲတော်ဖြစ်သည့်အပြင် ညနေခင်း နေဝင်ဆည်းဆာချိန်အတွင်းမှာသာစတင်ကျင်းပသော ထူးခြားသည့် ပွဲတော်ဖြစ်ခြင်းကြောင့် လာရောက်လေ့လာကြည့်ရှု ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိနေပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်**

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြဲန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# ရေဘေးသင့်ပြည်သူများအား ကူညီနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကလေးဒေသရေဘေးသင့်ပြန်လည်ထူထောင်ရေးလူထုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကူညီထောက်ပံ့ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မူလအခြေအနေသို့ရောက်ရှိရန်နှင့် သာလွန်အောင် ဆက်လက်ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဇူလိုင်လလယ်မှစပြီး ထူးကဲစွာမိုးရွာသွန်းမှုကြောင့် တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်နှစ်ခုမှလွဲပြီး တစ်နိုင်ငံလုံးရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ခံခဲ့ရမှုအခြေအနေ၊ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်ပြည်သူများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေ၊ ကလေးခရိုင်မှ ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေး လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းပေးမည့်အခြေအနေ၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးမည့် အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ကူညီနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့် ဒေသများဖြစ်သည့် ကျီကုန်းကျေးရွာအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်း (၃၆)မျိုးကိုလည်းကောင်း၊ ဆည်တော်ဦးကျေးရွာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အခြေခံစားကုန်များနှင့် အဝတ်အထည်များကို လည်းကောင်း၊ ထိုမာကျေးရွာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အသင့်စားသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ နတ်ချောင်းကျေးရွာအတွက် လုပ်ငန်းသုံးဓားများကိုလည်းကောင်း၊ ကလေးတက္ကသိုလ်မှ ဝန်ထမ်းများအတွက် ထောက်ပံ့မှုငွေကျပ် ၂၅ သိန်းကို လည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် အလှူငွေများပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ Alliance Star Group ကုမ္ပဏီမှ ဦးတင်လင်းပြည့်က JCB ယန္တရားယာဉ်တစ်စီးကို လည်းကောင်း၊ MPRL ရေနံကုမ္ပဏီမှ ဦးမိုးမြင့်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာ ၁၇ စုံ၊ ပရင်တာနှစ်စုံ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ စာကြည့်တိုက်ပြုပြင်ရန်နှင့် စာကြည့်တိုက်သုံးပစ္စည်းများ၊ ဘင်ခရာတီးဝိုင်းပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးအုန်းမြင့်နှင့် အလှူရှင် ဦးမိုးမြင့်တို့က ကလေးမြို့ဆေးရုံဝန်ထမ်းများအတွက် လှူဒါန်းသည့် ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀ ကို အလှူရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများကိုယ်စား ကျီကုန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**





**စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသရေဘေးသင့်ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းခွင်သုံး JCB ယန္တရားယာဉ် (ဝဲပုံ)နှင့် ထောက်ပံ့ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ(ယာပုံ)ကို တွေ့ရစဉ်။**

(ပြန်/ဆက်)

# မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဩဂုတ် ၂၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့်ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၇ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဂွမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၆ လက်မနှင့်ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၀၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေ အားကောင်းနေမည်။

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖုန်း"ဂိုနီ"တိုက်ခတ်၊ လူ ၁၄ ဦး သေဆုံး

**မနီလာ ဩဂုတ် ၂၃**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖုန်း'ဂိုနီ'တိုက်ခတ်မှုကြောင့် လူ ၁၄ ဦးသေဆုံးပြီး ၃၃၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ဩဂုတ် ၂၂ ရက်တွင် ပြောသည်။

တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၁ ဦးကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး လူသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ခရိုင်ငါးခုရှိ ဒေသခံ ၃၃၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ယင်းဒေသများတွင် မြစ်ရေကြီးမှုကြောင့် တံတားတစ်စင်းပျက်စီးခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နိုင်ငံ၏အခြေခံအဆောက်အအုံများ ပျက်စီးမှုနှင့် လယ်ယာစိုက်ပျိုးရေး ထိခိုက်ပျက်စီးမှုများသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂ ဒသမ ၇၀ ကျော်ရှိကြောင်း သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ခန့်မှန်းထားသည်။

တိုင်ဖုန်း'ဂိုနီ'သည် တစ်နာရီလျှင် ၁၄၀ မှ ၁၇၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိပြီး ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံအပြင်ဘက်သို့ ဦးတည်တိုက်ခတ်လိမ့်မည်ဟု ခန့်မှန်းရကြောင်း နိုင်ငံပိုင် ရာသီဥတုခန့်မှန်းရေးအေဂျင်စီက ဆိုသည်။

**ဆင်ဟွာ။**



# ရထားပေါ် ပစ်ခတ်မှုပြုလုပ်သူတစ်ဦးအား ပြင်သစ်တာဝန်ရှိသူများ စစ်ဆေးမေးမြန်း

**ပါရီ ဩဂုတ် ၂၃**

လူအပြည့်လိုက်ပါလာသော ရထားတစ်စင်းပေါ်၌ သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူ မော်ရိုကို နိုင်ငံသားတစ်ဦးအား ပြင်သစ်အကြမ်းဖက်မှု တိုက်ဖျက်ရေးအရာရှိများက ဩဂုတ် ၂၃ ရက်တွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အသက် (၂၅) နှစ် အရွယ်ရှိ မော်ရိုကို နိုင်ငံသားမှာ အယွတ်အယ်လ်ခါဇာနီ ဆိုသူဖြစ်ပြီး ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက ခရီးသည်တင် ရထားတစ်စင်းပေါ်တွင် သေနတ်ပစ်ခတ်မှု ပြုလုပ်ခဲ့သည်။ အမေရိကန် ခရီးသည်သုံးဦးသည် ဗြိတိန်နိုင်ငံသားတစ်ဦး၏ ပူးပေါင်းကူညီမှုဖြင့် အဆိုပါ သေနတ်သမားကို နပန်းလုံးကာ ဝိုင်းဝန်းဖမ်းချုပ်နိုင်ခဲ့ကြသည်။

ခါဇာနီသည် မွတ်စလင် အစွန်းရောက် သမားတစ်ဦးအဖြစ် သံသယရှိခြင်းခံရသူဖြစ်သည်။

ဩဂုတ် ၂၁ ရက်က နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ခုတ်မောင်းနေသော သာလစ် နိုင်ငံတကာအမြန်ရထားလိုင်း၏ ရထားတစ်စင်းပေါ်တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ သေနတ်သမားသည် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်များလည်းပါရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဖြစ်စဉ်၌ ခရီးသည်တစ်ဦး လည်ပင်းတွင် သေနတ်ဒဏ်ရာရရှိခဲ့သည်။

ခွင့်ဖြင့် ခရီးသွားလာနေကြသော အမေရိကန်စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် သုံးဦးက ဦးဆောင်၍ သေနတ်သမားကို လုံးထွေးသတ်ပုတ်ကာ ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။ အဆိုပါ အကြမ်းဖက်သမားမှာ ဥရောပ လေးနိုင်ငံကျော်က စစ်သွေးကြွတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

**ရိုက်တာ။**




# ဘန်ကောက်ဗုံးပေါက်ကွဲမှုကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်နစ်နာ

**ဘန်ကောက် ဩဂုတ် ၂၃**

လွန်ခဲ့သည့်သီတင်းပတ် တနင်္လာနေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်တွင် လူအများအပြား သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် ဘန်ကောက်မြို့၏ ခရီးသွားလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဘန်ကောက်မြို့လယ် အဲဝန်ဂူဗိမာန် ဗုံးပေါက်ကွဲမှုတွင် လူ ၂၀ သေဆုံးခဲ့ပြီး သေဆုံးသူများတွင် ပြည်ပမှခရီးသွားဧည့်သည်များပါဝင်သည်။ ဗုဒ္ဓစေတီတော်တစ်ဆူဖြစ်သည့် ဝပ်ဖိုစေတီတော်တွင် ဗုံးပေါက်ကွဲပြီး ပထမဆုံး သီတင်းပတ် စနေနေ့တွင် ခရီးသည်လာရောက်လည်ပတ်မှု ယခင်ကထက် နည်းပါးသွားခဲ့သည်။ လက်မှတ်ရောင်းဌာနမှ အမျိုးသားတစ်ဦးက စနေ၊တနင်္ဂနွေနေ့များတွင် ပုံမှန်အားဖြင့် လက်မှတ်စောင်ရေ ၆၀၀၀ မှ ၇၀၀၀ ခန့်ထိရောင်းချရလေ့ရှိသော်လည်း ယခုသီတင်းပတ်ကုန်တွင် လက်မှတ်စောင်ရေ ၃၀၀၀ ခန့်သာ ရောင်းချရသည်ဟု ပြောကြားသည်။

ပြည်ပခရီးသွားဧည့်သည်များကြား လူသိများထင်ရှားသည့် ခေရိုဆန်ခရိုင်ရှိ ဟိုတယ်က ၎င်းတို့ဟိုတယ်ရှိ ဧည့်သည်များသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဆက်လက်နေထိုင်မည့် အစီအစဉ်များကို ဖျက်သိမ်းခဲ့ကြသည်ဟု ဆိုသည်။

တစ်နေ့တာလည်ပတ်မှုအတွက် ဝန်ဆောင်မှုပေးသည့် ခရီးသွားအေဂျင်စီတစ်ခုက ဗုံးပေါက်ကွဲမှုကြောင့် အထူးသီးသန့်နေရာများသို့ သွားရောက်လည်ပတ်မည့် ခရီးစဉ် ၉၀ ရာခိုင်နှုန်းကို ဖျက်သိမ်းခဲ့ရသည်ဟု ဆိုသည်။

အဆိုပါခရီးသွား အေဂျင်စီမှ မန်နေဂျာက ဗုံးပေါက်ပြီးနောက် ခရီးသည်လာရောက်မှုမှာ သိသိသာသာ လျော့နည်းသွားပြီး ယင်းထိခိုက်မှုသည် လအနည်းငယ်ကြာမြင့်ဖွယ်ရှိသည်ဟု ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့်အတွက် ထိုင်းရဲတပ်ဖွဲ့ဝင်များသည် ခရီးသည်များ လာရောက်လည်ပတ်သည့် နေရာများတွင် လုံခြုံရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# အမြောက်များနှင့် ရေငုပ်သင်္ဘောများ ဖြန့်ကြက်မှု မြောက်ကိုရီးယား ပြုလုပ်နေဟု တောင်ကိုရီးယားပြော

**ဆိုးလ် ဩဂုတ် ၂၃**

မြောက်ကိုရီးယား နိုင်ငံသည် နယ်စပ်ဒေသတစ်လျှောက် အမြောက်လက်နက်များကို အရေအတွက်အရ နှစ်ဆတိုးမြှင့်ခဲ့ပြီး ရေငုပ်သင်္ဘောများကိုလည်း အင်အားစုစည်းထားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

စစ်ရေးအရ ပဋိပက္ခ ဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ရန် ဦးတည်သည့် အထက်တန်း ပုဂ္ဂိုလ်အဆင့် ဆွေးနွေးပွဲ ပျက်ပြားစေရန် မြောက်ကိုရီးယားနိုင်ငံက လုပ်ဆောင်နေသည်ဟုလည်း တောင်ကိုရီးယားနိုင်ငံက စွပ်စွဲထားသည်။

မြောက်ကိုရီးယား ရေငုပ်သင်္ဘောတပ်ဖွဲ့ အင်အား၏ ၇၀ ရာခိုင်နှုန်း သို့မဟုတ် ရေငုပ်သင်္ဘော အစင်း ၅၀ ခန့်သည် ယင်းတို့၏ အခြေစိုက်စခန်းများမှ ထွက်ခွာသွားခဲ့ကြပြီး တောင်ကိုရီးယား၏ စစ်ဘက်သုံး ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေငုပ်သင်္ဘောအများအပြားကို နေရာရွှေ့ပြောင်းခြင်းမှာ လုပ်ရိုးလုပ်စဉ် မဟုတ်ကြောင်း၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့က မြောက်ကိုရီးယား၏ လှုပ်ရှားမှုများကို တုံ့ပြန်နိုင်ရန် စစ်ဘက်ထောက်လှမ်းရေးလုပ်ငန်းကို တိုးမြှင့်ပြုလုပ်နေကြောင်း ၎င်းက ပြောကြားသည်။

ထိုစဉ်အတွင်း ကိုရီးယားနှစ်နိုင်ငံသည် နယ်စပ်ဒေသတင်းမာမှုကို လျှော့ချနိုင်ရေးအတွက် အဆင့်မြင့်ပုဂ္ဂိုလ်အဆင့် ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်တွင် ပြန်လည်ကျင်းပသည်။ သို့ရာတွင် ဆွေးနွေးပွဲ၏ တိုးတက်မှုအခြေအနေ အသေးစိတ်ကို မသိရပေ။

ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များ၏ အထက်တန်း အကြံပေးပုဂ္ဂိုလ်များသည် နယ်စပ်ဒေသရှိ ပန်မွန်ဂျုံ အပစ်အခတ်ရပ်စဲရေး ကျေးရွာ၌ ဆွေးနွေးလျက်ရှိကြသည်။

**ရိုက်တာ။**

# အီရန်၌ ဗြိတိန်သံရုံး ပြန်လည်ဖွင့်လှစ်

**တီဟီရန် ဩဂုတ် ၂၃**

ဗြိတိန်နိုင်ငံသည် အီရန်နိုင်ငံ မြို့တော်တီဟီရန်၌ သံရုံးပြန်လည် ဖွင့်လှစ်လိုက်သည်။ တီဟီရန်ရှိ ဗြိတိန်သံအမတ်ကြီး၏ စံအိမ်တော်အတွင်းသို့ ဆန္ဒပြသူများ အဓမ္မဝင်ရောက်ကာ ယူနီယံဂျက်အလံကို မီးရှို့ဖျက်ဆီးသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် လေးနှစ်အကြာတွင် သံရုံးကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဗြိတိန်သံရုံးကို ၂၀၁၁ ခုနှစ်တွင် ပိတ်ခဲ့သည်။ မြို့တော်တီဟီရန်၌ ဆန္ဒပြသူများက အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြစဉ်အတွင်း ယင်းသံရုံးခြံဝင်းအတွင်းသို့ စီးနင်းဝင်ရောက်ခဲ့ကာ ဖျက်ဆီးမှုများ ပြုလုပ်သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် သံရုံးကို ပိတ်ခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်တစ်ခုကြာကာလအတွင်း အနောက်အုပ်စုနိုင်ငံများနှင့် အီရန်နိုင်ငံတို့ ဆက်ဆံရေး ပြန်လည်နွေးထွေးလာမှု၏ ပြယုဂ်တစ်ခုအဖြစ် သံရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သံရုံးဖွင့်ပွဲအခမ်းအနားသို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟမ်မွန်း တက်ရောက်ခဲ့သည်။

မိမိတို့ နှစ်နိုင်ငံအကြား သံတမန်ရေး ဆက်ဆံမှုကို ပြန်လည်မြှင့်တင်နိုင်ခြင်းဖြင့် ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ကြောင်း၊ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့ နျူကလီးယား သဘောတူညီချက် ရရှိခဲ့ခြင်းမှာလည်း အရေးပါသော သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း အလံတင်အခမ်းအနားတွင် ဟမ်မွန်းက ပြောကြားသည်။

**ရိုက်တာ။**

❖



# ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဗုဒ္ဓတက္ကသိုလ် ရှင်းလင်းဆောင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှန်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အဖွဲ့သည် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မည့် ပညာဗောဓိတောင်ကုန်းပေါ်၌ ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက် တည်ဆောက်မည့်မြေနေရာနှင့် အဆောက်အအုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလန်ဒန်မြို့ အောက်စဖို့ဒ်တက္ကသိုလ်ပါမောက္ခ အဂ္ဂမဟာဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာမိက ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်က ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားကာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဗုဒ္ဓတက္ကသိုလ် တည်ဆောက်မည့် အဆောက်အအုံပုံစံများနှင့် ရေရရှိရေးကိစ္စရပ်များကို လည်းကောင်း၊ အောင်ချမ်းသာကုမ္ပဏီ၊ ဖြူစင်ကုမ္ပဏီ၊ ကောင်းကင်ဖြူကုမ္ပဏီ၊ Zing Gateway ကုမ္ပဏီမှ တာဝန်ရှိသူတို့က တည်ဆောက်မည့် အဆောက်အအုံပုံစံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှန်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**✻ ရေကြီးနစ်မြုပ်မှုမှ**

"မြို့နယ်အလိုက်ကပ်တဲ့ အခြေခံမဲစာရင်းကိစ္စကတော့ တဖြတ်ပြီးသွားပါပြီ။ လောလောဆယ် ဩဂုတ်လထဲမှာတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးမဲစာရင်းမကပ်နိုင်ဘူး။ ရေကြီးမှုတွေကြောင့် ပြန်လည်ထူထောင်ရေးတွေ လုပ်နေရတဲ့ အချိန်မှာ မဲစာရင်းကပ်မယ်ဆို ပြည်သူတွေအနေနဲ့ သွားကြည့်ဖို့ အခက်အခဲ ရှိနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့က ကြေညာမယ့်ရက်ကို ပြန်စဉ်းစားနေရတာ။ ဘယ်နေ့ကပ်မယ်ဆိုတဲ့ရက်တော့ ကျွန်တော် အတိအကျမပြောနိုင်သေးဘူး။ စက်တင်ဘာလအတွင်းမှာတော့ ကပ်မယ်" ဟု ဦးသောင်းလှိုင်(ညွှန်ကြားရေးမှူး) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

စက်တင်ဘာလတွင် ထုတ်ပြန်၍ ကပ်ထားမည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းများတွင် အမည်ထည့်သွင်းလိုသူ၊ အမှားပြင်ဆင်လိုသူများနှင့် မဲစာရင်းမှပယ်ဖျက်လိုသူများအတွက် ၁၄ ရက်အချိန်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် စက်တင်ဘာလတွင် ကပ်ထားမည့် တစ်နိုင်ငံလုံးမဲစာရင်းသည် ပြင်ဆင်၊ ထည့်သွင်း၊ ပယ်ဖျက်ရန်တို့အတွက် နောက်ဆုံးအကြိမ် ပြုလုပ်နိုင်ရန် ကပ်ထားမည်ဖြစ်သောကြောင့် **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါဝင်ခြင်း မရှိပါက ပုံစံ (၃)၊ မဲဆန္ဒရှင်စာရင်းမှ ကွဲလွဲချက်များကိုပြင်ဆင်လိုပါက ပုံစံ (၄-ဂ) နှင့် မဲစာရင်းတွင် သေဆုံးသူနှင့် ဆန္ဒမဲပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် မဲစာရင်းအားကန့်ကွက်လွှာပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းများကို နောက်ဆုံးအကြိမ်အဖြစ်** မလွဲမသွေ သွားရောက်ပြုလုပ်ရမည်ဖြစ်သည်။



ဇူလိုင်လအတွင်းက အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက်ကော်မရှင်ရုံးတွင်ကပ်ထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းအား ကြည့်ရှုနေသူနှစ်ဦးကိုတွေ့ရစဉ်။

လက်ရှိအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စာရင်းဇယားများအရ တစ်နိုင်ငံလုံးတွင် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၃၂ သန်းခန့်ရှိသည်။ အထွေထွေရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည်လည်း စက်တင်ဘာ ၈ ရက် နံနက် ၆နာရီမှစတင်၍ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ မဲဆွယ်စည်းရုံးမှု ပြုလုပ်နိုင်ပြီဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများထံ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သည်။

တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းများသည်လည်း စက်တင်ဘာလအတွင်းတွင် ကပ်ထားမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်သည်လည်း စတင်ရရှိသည့် စက်တင်ဘာလနှင့်တိုက်ဆိုင်နေပေသည်။

"တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကပ်ပြီးရင် ပြင်ဆင်တာတွေ၊ ဖြည့်စွက်ထည့်သွင်းတာတွေလုပ်ဖို့ ကျွန်တော်တို့ ၁၄ ရက်အချိန်ပေးမယ်။ ဒါကို ကာယကံရှင်တွေကိုယ်တိုင်ရော၊ ပါတီတွေရော၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကော အသိပညာပေးမှုတွေလုပ်လို့ ရပါတယ်။ ကူညီလို့ရတယ်။ မဲဆွယ်တဲ့နေရာမှာတော့ နိုင်ငံရေးပါတီတွေရဲ့ code of conduct ရှိတယ်။ ကျွန်တော်တို့ ကော်မရှင်က ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက် ၁/၂၀၁၄ ရှိတယ်။ အဲဒါတွေနဲ့အညီ ဆောင်ရွက်မယ်ဆို ရပါတယ်"ဟု ဦးသောင်းလှိုင်က ပြောသည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပသွားမည်ဖြစ်ပြီး ရက်ပေါင်း ၁၈၀ ထက်မနည်း မူလမဲဆန္ဒနယ် ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များအနေဖြင့် လက်ရှိမဲဆန္ဒနယ်တွင် မဲပေးနိုင်ရန်အတွက် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထားပြီး (ပုံစံ-၃ က) ဖြင့် လျှောက်ထားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဩဂုတ် ၁၉ ရက်တွင် နှိုးဆော်ထားသည်။

---

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၄၈/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ရက်)**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသောတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကိုအမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ၃၃နှင့်အညီ အကြောင်းကြားချက်အရပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) နှင့် ၈-၁-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၆၄၀၂<br>ဗိုလ်မှူးချုပ်ဌေးနိုင် | (အစား) | ကြည်း ၂၇၄၃၉<br>ဒုတိယဗိုလ်မှူးကြီးသန့်ဇင် |
| (၂) | ကြည်း ၁၆၄၅၀<br>ဗိုလ်မှူးချုပ်မြင့်ကိုကို | (အစား) | ကြည်း ၂၈၃၈၈<br>ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး |
| (၃) | ကြည်း ၂၁၃၃၈<br>ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့် | (အစား) | ကြည်း ၂၇၉၂၉<br>ဒုတိယဗိုလ်မှူးကြီးဇော်မြင့်ဦး |
| (၄) | ကြည်း ၂၇၅၆၁<br>ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ထွန်း | (အစား) | ကြည်း ၂၇၁၀၅<br>ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းတင် |
| (၅) | ကြည်း ၃၀၇၁၉<br>ဗိုလ်ကြီးကိုကိုနိုင် | (အစား) | ရေ ၃၆၃၀<br>ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၄၉/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂)နှင့် ၂၄-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၇/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၃၇၆၅<br>ဗိုလ်မှူးချုပ်ကျော်ဦးလွင် | (အစား) | ကြည်း ၂၀၅၈၆<br>ဗိုလ်မှူးကြီးမြင့်ဆွေ |
| (၂) | ကြည်း ၁၉၇၁၇<br>ဗိုလ်မှူးချုပ်အောင်ကျော် | (အစား) | ကြည်း ၁၈၀၃၅<br>ဗိုလ်မှူးချုပ်ကျော်ကျော်စိုး |
| (၃) | ကြည်း ၃၃၁၃၀<br>ဗိုလ်မှူးစိုးမိုး | (အစား) | ကြည်း ၃၉၆၉၄<br>ဗိုလ်မှူးထက်ကိုကိုအောင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပြည်တွင်းရေးရာ

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ တိုကျိုမြို့ရှိ ကမာကူရဘုရားအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဩဂုတ် ၂၃**

ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် Skytree မျှော်စင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး Skytree မျှော်စင်နှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ Skytree မျှော်စင်မှာ ပေ ၂၀၈၀(၆၃၄ မီတာ)မြင့်ကာ ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး မျှော်စင်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့သည်။ Skytree မျှော်စင်သည် တိုကျိုမြို့ Kanto(ကန်တိုဒေသ)အတွက် ရုပ်သံထုတ်လွှင့်ရေးစနစ်၏ ပင်မနေရာဖြစ်ပြီး တစ်နှစ်ပျမ်းမျှ ဧည့်သည်ခြောက်သန်းကျော်လာရောက်လည်ပတ်ကြောင်း သိရသည်။

ဆက်လက်၍ တိုကျိုမြို့၏ တောင်ဘက် ကမာကူရမြို့ရှိ ကမာကူရဘုရားကြီးသို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိဖူးမြော်ကြည်ညိုပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ဘုရားကြီးမှာ ၁၂၄၃ ခုနှစ်တွင် သစ်သားဖြင့် စတင်တည်ဆောက်ခဲ့ပြီး ၁၂၄၈ ခုနှစ်တွင် မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ကမာကူရခေတ်ဖြစ်သည့် ၁၂၅၂ ခုနှစ်တွင် ကြေးသွန်းဘုရားအဖြစ်ပြန်လည်တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီးမှာ အမြင့် ၁၃ ဒသမ ၃၅ မီတာ(၄၃ ပေကျော်)နှင့် အလေးချိန် ၁၂၁ တန် ရှိကြောင်း သိရသည်။

ယင်းနောက် တိုကျိုပင်လယ်ကွေ့ဖြတ် အဝေးပြေးလမ်း Tokyo Bay Aqua-line တစ်လျှောက်နှင့် လိုဏ်ခေါင်းအတွင်း ဖြတ်သန်း၍ မော်တော်ယာဉ်များဖြင့် စီးနင်းလေ့လာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လိုဏ်ခေါင်းနှင့် တံတားဆုံရာ Umihotaru(ယူမီဟိုတရူ)အပန်းဖြေနေရာအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အဝေးပြေးလမ်းမှာ တိုကျိုပင်လယ်ကွေ့ကို ဖြတ်သန်း၍ ဖောက်လုပ်ထားပြီး လိုဏ်ခေါင်းနှင့် တံတားစနစ်တို့အား ပေါင်းစပ်တည်ဆောက်ထားသည်။ ရေအောက်လိုဏ်ခေါင်းအရှည် ၉ ဒသမ ၅ မီတာ၊ ရေပေါ်တံတားအရှည် ၄ ဒသမ ၄ မီတာရှိကာ ရေအောက်နှင့် ရေပေါ် နှစ်မျိုးတွဲပြီး စိတ်ဝင်စားဖွယ်တည်ဆောက်ထားသည့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်အရှည်ဆုံး ရေအောက်လိုဏ်ခေါင်းဖြစ်သည်။ **(မြဝတီ)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလို ကလင်မ်ကင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**❐ ရွှေဖုံးမှ**

တောင်ပိုင်းခရိုင်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က "ဒီဆည်နှစ်ခုစလုံးက ဒေသဖွံ့ဖြိုးရေးဇုန်တွေအတွက် သောက်သုံးရေရရှိအောင် အဓိကထားဆောင်ရွက်ခဲ့တာပါ။ ဆည်နှစ်ခုစလုံးကလည်းသေးပါတယ်။ လက်ရှိအနေအထားအရ ပြည်သူတွေ စိုးရိမ်စရာမရှိပါဘူး။ ဘာလို့လဲဆိုတော့ ဒီဆည်တွေဟာ နှစ်စဉ် ဒီအချိန်တိုင်းမှာ ကန်အတွင်း ရေသိုလှောင်ပမာဏကပြည့်မီခဲ့တာများပါတယ်။ အဲဒီတော့ ပိုလျှံတဲ့ရေတွေက ဒီလိုအချိန်ဆို ရေပိုလွှဲကနေလျှံကျလေ့ရှိတယ်။ ဒီနှစ်မှ ထူးထူးကဲကဲဖြစ်တဲ့အနေအထားမျိုးမရှိပါဘူး။ ပြီးတော့ ဒီရေလှောင်တမံတွေဟာ အညာဒေသဘက်မှာရှိတဲ့ ရေလှောင်တမံတွေလို ရေစီးဆင်းလာတာကို တားပြီး လှောင်တဲ့ ရေလှောင်တမံမျိုးမဟုတ်ပါဘူး။ ဒီမှာက ရေဆင်းဧရိယာရယ်လို့တော့ မရှိပါဘူး။ ဥပမာ ဇာမဏီအင်းဆိုရင် နဂိုတုန်းက အင်းပါ။ ဒါကို ကျွန်တော်တို့က ရေချိုရရှိရေးအတွက် ရေလှောင်တမံ ပြန်လုပ်လိုက်တာပါ။ နှစ်စဉ် ကန်အပြည့်ရေသိုလှောင်ပမာဏကအမြင့် ၂၃ ပေရှိပါတယ်။ ဒီရေတွေက မိုးရေကို သက်သက်သိုလှောင်ထားတာဖြစ်ပြီး နှစ်စဉ်မိုးရာသီတိုင်း သိုလှောင်နေကျပါ"ဟု ပြောသည်။

"ဆည်တွေရေကြီးရေလျှံမှုနဲ့ ပတ်သက်ပြီး အများပြည်သူတွေ မစိုးရိမ်ကြစေချင်ပါဘူး။ လက်ရှိရေက နည်းနည်းပဲ ကျော်တာပါ။ လက်ရှိဒီနေ့ ရေအမှတ်အရဆိုရင် ဇာမဏီဆည်က အမြင့် ၂၄ပေရှိပါတယ်။ သတ်မှတ်ထားတဲ့ ရေပြည့်အမှတ်ထက် တစ်ပေမြင့်ပါတယ်။ ဆည်တွေရဲ့ ရေပြည့်ရေလှောင်ပမာဏအမှတ်ကို ကျော်လွန်သွားရင် မူလရေပိုလွှဲကနေပြီးတော့ စီးမြဲချောင်းဟောင်းထဲကို ရေကကျော်ပြီးဆင်းသွားပါတယ်။ ပြီးရင် ချောင်းကနေတစ်ဆင့် မြစ်ထဲစီးသွားပါလိမ့်မယ်။ မူလချောင်းတွေမှာလည်း တချို့တိမ်ကောသွားတဲ့နေရာတွေရှိပါတယ်။ အဲလိုနေရာတွေကလည်း လူတွေရဲ့သက်ရောက်မှုကြောင့် တိမ်ကောသွားပြီး ဒီကဆင်းလာတဲ့ရေက ချောင်းရဲ့ အတိုင်းအတာပမာဏနဲ့မလောက်တော့ဘဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ် လာရတာပါ။ ရေလျှံလို့ဆည်တွေ ဖောက်ချရတယ်ဆိုတာမရှိပါဘူး။ ဘယ်ဆည်မှကျိုးတာလည်း မရှိပါဘူး။ ဒီရေလှောင်တမံနှစ်ခုစလုံးကလည်း အများကြီးလွတ်ပါသေးတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိနေတဲ့ ဆည်တိုင်းမှာ ရေပိုလွှဲ(ရေလျှံပေါက်)ဆိုတာရှိပြီးသားပါ။ ရေပြည့်ပမာဏကို ကျော်လွန်တာနဲ့ သူ့ဟာသူ စီးဆင်းသွားမှာပါ" ဟု ရှင်းပြသည်။

ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအနီးရှိ ဘန့်ဘွေးကုန်းရေလှောင်တမံစီမံကိန်းကို ၁၉၉၃-၁၉၉၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးကာ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီးရှိ ဇာမဏီအင်းရေလှောင်တမံစီမံကိန်းကို ၁၉၉၄-၁၉၉၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသများမှာ လွင်ပြင်ဒေသများဖြစ်သောကြောင့် ဆည်တည်ဆောက်ရန် လွန်စွာခက်ခဲကြောင်း၊ ဇာမဏီအင်းရေလှောင်တမံစီမံကိန်းမှာလည်း နဂိုမူလကအင်းဖြစ်ခဲ့သည့်အတွက် ပြုပြင်ဆောင်ရွက်ခဲ့ရပြီး တမံတုတ်ကာ ရေသိုလှောင်ခဲ့ကြောင်း၊ ရေဆင်းဧရိယာ ၁၇၉၃ ဧက၊ ရေလှောင်တမံ အမြင့် ၁၉ ပေရှိသော ဇာမဏီအင်းရေလှောင်တမံနှင့် ရေဆင်းဧရိယာ ၅၅၅ ဧက၊ ရေလှောင်တမံအမြင့် ၂၄ ပေရှိသော ဘန့်ဘွေးကုန်းရေလှောင်တမံတို့၏ တမံအမျိုးအစားမှာ မြေသားတမံများဖြစ်ကြောင်းနှင့် လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်း ငမိုးရိပ်၊ မဟူရာ၊ ပေါင်လင်၊ ကလီထော်၊ လဂွမ်းပြင်၊ တောင်လုံးမြောင်၊ တပူးလ၊ ဇာမဏီနှင့် ဘန့်ဘွေးကုန်း ရေလှောင်တမံ စီမံကိန်းတို့ဖြင့် ရေလှောင်တမံကိုးခုရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

❐❐❐

## မအူပင်၌ အများပြည်သူဝန်ဆောင်မှုရုံးဖွင့်

**မအူပင် ဩဂုတ် ၂၃**


ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း လွယ်ကူအဆင်ပြေချောမွေ့စေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဌာနရှစ်ခုကို တစ်နေရာတည်းတွင် စုစည်းထားရှိ၍ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်သည့် အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မအူပင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို ပြည်သူတို့၏ မြို့မြေငှားဂရန်ရရှိရေးကိစ္စရပ်များ၊ အခွန်ပေးဆောင်ရေးဆိုင်ရာများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေငှားဂရန်ဆိုင်ရာပုံစံ(၁၀၅)၊ (၁၀၆) ရေးကူးခြင်းဆိုင်ရာကိစ္စများ၊ ကျန်းမာရေးဆိုင်ရာဖွား/သေကိစ္စရပ်များ၊ မှတ်ပုံတင်ပြုလုပ်ခြင်း၊ အိမ်ထောင်စုစာရင်းပြုလုပ်ခြင်းများ၊ မြို့နယ်စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်များဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို တစ်နေရာတည်းတွင် အချိန်တိုအတွင်း ပြီးစီးအောင်ပြုလုပ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။ **မောင်တင်လှိုင်(ဟိုတယ်/ခရီး)**










## ကူညီထောက်ပံ့မှုများ

# ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်တွေ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် Miss Universe Myanmar Organization တို့မှ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေနေမှု အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက က ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Miss Universe Myanmar Organization မှ ငွေကျပ် သိန်း ၁၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဆွေဝင်းက လက်ခံပြီး ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများအား ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများသို့ ဖြန့်ဝေပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ကျေးရွာသုံးရွာသို့ သွားရောက်ထောက်ပံ့လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၂၃**

မိတ္ထီလာမြို့နယ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေတော(တောင်)ရွာ၊ ပေတော(မြောက်)ရွာနှင့် ပိတုန်းကြီးကျေးရွာသုံးရွာမှ ဒေသခံပြည်သူများအား ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့ နံနက် ၆ နာရီက ရေဘေးကူညီရေးအဖွဲ့သားများ စုပေါင်းသွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ် ယာဉ်လုပ်ငန်းလုပ်ကိုင်သူအားလုံး ပါဝင်လှူဒါန်းမှုနဲ့ မိတ္ထီလာမြို့ မြို့ဝင်/မြို့ထွက်လမ်းဆုံ ငါးခုမှာ အလှူခံတာ ငွေကျပ် စုစုပေါင်း ၁၁၉ သိန်းခွဲရတယ်။ ရရှိတဲ့ငွေနဲ့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေဖြစ်တဲ့ ဆန်ငါးပြည်အိတ် ၅၀၀၊ ပဲနီနှစ်ပြည်အိတ် ၅၀၀၊ ဆား ၅၀ ကျပ်သားအိတ် ၅၀၀၊ ဆီ ၅၀ ကျပ်သားဘူး ၅၀၀၊ ရွှေဝါဆပ်ပြာတောင့် ၂၅၀၀၊ ငါးသေတ္တာဘူး၅၀၀၊ အကြော်စုံ ၅၀ ကျပ်သား အထုပ် ၅၀၀၊ အဝတ်အထည်မျိုးစုံ အိတ် ၁၀၀၊ ကျောင်းသုံးစာရေးကိရိယာတွေဖြစ်တဲ့ ခဲတံ ဒါဇင် ၅၀၀၊ ဘောပင် ဒါဇင် ၅၀၀၊ ရေသန့်ဘူး ၁ လီတာဘူး ၁၅၃ တွဲတို့ကို ဝယ်ယူပြီးတော့ ကျန်ငွေကျပ် ၄၅ သိန်းကိုလည်း ကျေးရွာတွေမှာ လှူဒါန်းခဲ့မှာပါ။ ပေတော(တောင်)ရွာမှာ အိမ်ထောင်စု ၁၈၀၊ ပေတော(မြောက်)ရွာမှာ အိမ်ထောင်စု ၁၇၈စု၊ ပိတုန်းကြီးရွာမှာ အိမ်ထောင်စု ၂၀၀ တို့ကို ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ လှူဒါန်းငွေတွေ ပေးအပ်ထောက်ပံ့လှူဒါန်းမှာပါ။ ပြီးတော့ ကျေးရွာသုံးရွာမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းငါးကျောင်းအတွက်လည်း ဆန်၊ ဆီ၊ ဆား၊ သက်န်းတွေနဲ့ လှူဖွယ်ဝတ္ထုတွေ ဆက်ကပ် လှူဒါန်းသွားမှာပါ။ ဒါ့အပြင် နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင် ဆရာတော်က ပေးပို့လှူဒါန်းတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၂၅၀ ကိုလည်း အဲဒီကျေးရွာတွေမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေထံတစ်ဆင့် လှူဒါန်းပေးအပ်သွားမှာဖြစ်ပါတယ်" ဟု မိတ္ထီလာ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

မိတ္ထီလာယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဦးဆောင်သည့် ရေဘေးသင့်ပြည်သူများကူညီရေးအဖွဲ့ထံသို့ နယူးမြန်မာယာဉ်လုပ်ငန်းမှ လှူဒါန်းငွေကျပ်သိန်း ၂၀ နှင့် လှူဒါန်းပစ္စည်းများ၊ ဒို့ရှမ်းညီနောင် ယာဉ်လုပ်ငန်းမှ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် လှူဒါန်းပစ္စည်းများကို ယင်းကျေးရွာသုံးရွာမှ ရေဘေးသင့် ပြည်သူများအား ထောက်ပံ့လှူဒါန်းနိုင်ရန် သီးခြားထပ်မံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ တစ်ဝန်းရှိ ရေဘေးသင့်ဒေသများ အတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၄၀၀၀၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၂၃ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၇၅၂၄၃၂၅၇၂၊ အမေရိကန်ဒေါ်လာ ၁၁၂၉၈၀၁ ဒသမ ၆၁၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# Alpine သောက်ရေသန့်မိသားစု ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံရှိ နေရာဒေသအနှံ့ အပြားတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ နေရာအများစု၌ ရေများ ပြန်ကျသွားပြီဖြစ်သော်လည်း ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ရေဘေးသင့်ဒေသများကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



လွယ်ဟိန်းကုမ္ပဏီ၏ Alpine သောက်ရေသန့်မိသားစုမှာ ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ပရဟိတအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များမှ တစ်ဆင့် လှူဒါန်းခဲ့ပြီး ဩဂုတ် ၂၂ ရက်မှစတင်ကာ ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းနေခြင်းဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက် လက်ထောက်မန်နေဂျင်းဒါရိုက်တာ ဦးဟန်မင်းထွဋ်း ဦးဆောင်သည့် Alpine သောက်ရေသန့်မိသားစုသည် ဩဂုတ် ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရေခဲရွာရှိ အိမ်ခြေ ၅၀၀၊ မအူကုန်းရွာရှိ အိမ်ခြေ ၂၀၀၊ မင်းလှမြို့နယ် ပေါက်ချောင်းရွာရှိ အိမ်ခြေ ၁၂၀၊ ညောင်ပင်သာကျေးရွာရှိ အိမ်ခြေ ၁၂၀ စုစုပေါင်းအိမ်ခြေ ၉၄၀ အား တစ်အိမ်ထောင်လျှင် ဆန် ငါးပြည်၊ သောက်ရေသန့် တစ်လီတာဘူး ခြောက်ဘူးစီတို့အား လှူဒါန်းခဲ့သည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းသည် ရေဘေးသင့်ဒေသများသို့ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၃**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများကို ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ ခေါက်ရေနှစ်ခေါက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ခေါက်ဆွဲခြောက်၊ ကျောင်းစိမ်းဆိုဒ်စုံ၊ ဆေးပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံနှင့် အဝတ်အထည်များကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းမှ လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများအား ကူညီကယ်ဆယ်ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြား၍ ဆီဘူး ၄၉၉၂ဘူးကို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ လေးမျက်နှာမြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယကဆရာတော် ၁၁ပါးအတွက် ပဲဆီငါးပိဿာနှင့် လှူဖွယ်ဝတ္ထု တစ်ပါးလျှင် ကျပ်သုံးသောင်းစီဖြင့် ဒုတိယဥက္ကဋ္ဌဦးအောင်ရွှေ၊အတွင်းရေးမှူး(၃) ဦးဌေးမိုးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေဘေးအလှူအပါအဝင် လှူဒါန်းမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၆၉၃၆၆၀၂၀ ဖြစ်ကြောင်းသိရသည်။ **သန်းဝင်း(သန်လျင်)**

# အခြေခံစားကုန်တွေကို ဈေးနှုန်းမှန်နဲ့ ရောင်းနိုင်အောင် ရခိုင်ပြည်နယ်ရှိ ကုန်သည်တွေနဲ့ ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်

UMFCCI အသင်းချုပ်ဥက္ကဋ္ဌ



UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်။



ရုပ်ရှင်သရုပ်ဆောင် လွင်မိုး။

**ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် ညီနောင်အသင်းများနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၂၂ ရက် နှင့် ၂၃ ရက်တို့တွင် သွားရောက်လှူဒါန်းခဲ့ကြသည်။**

သတင်း၊ ဓာတ်ပုံ - အေးကို(သတင်းစဉ်)

ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် **UMFCCI** အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်ကြသည့် ဂွဆုံ၊ မြင်းကတ္တောနှင့် ပြင်လှကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၄၅၀၊ ရေသန့်ဆေးပြား ၁၄၀၆၄၀၊ ဆေးမျိုးစုံ ၂၀၉ ထုပ်၊ စောင် ၂၂၅ ထည်၊ ချောကလက်ထုပ် ၆၄၀ နှင့် အမေရိကန်ရေသန့်ကိရိယာ ၈၅ စုံတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ စစ်တွေမြို့ရှိ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ဆရာတော်ကြီးအား အလှူငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၁၀၀၀ နှင့် ရေသန့်ကိရိယာအစုံ ၅၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ **UMFCCI** အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀၀၀ နှင့် ရေသန့်ကိရိယာအစုံ ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းထံ ပေးအပ်ခဲ့ကြသည်။



**UMFCCIနှင့် ညီနောင်အသင်းများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းတို့က ပုဏ္ဏားကျွန်းမြို့နယ် မြင်းကတ္တောကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာအရောက်သွားရောက်လှူဒါန်းစဉ်။**

ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် **UMFCCI** နှင့် ညီနောင်အသင်းများက ငွေကျပ် ၂၁၁၀၇၉၂၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၃၊ ၄၊ ၅၊ ၇ ရက်တို့တွင် လေယာဉ်နှင့် သင်္ဘောများဖြင့် ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**UMFCCI** အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က "ရခိုင်ပြည်နယ်မှာ သဘာဝဘေးအန္တရာယ် စဖြစ်ဖြစ်ချင်း သတင်းရတာနဲ့ ပထမဆုံး ဆန်အိတ် ၆၀၀၀ ကို တပ်မတော်ရေယာဉ်နဲ့ ပို့ပေးပါတယ်။ နောက်ပြီး ဆီ၊ ပဲ၊ ငါးသေတ္တာ၊ ရေသန့်၊ ခေါက်ဆွဲခြောက်တွေကိုလည်း ပေးပို့လှူဒါန်းပါတယ်။ ရေဘေးသင့်ပြည်သူတွေ ချက်ချင်း စားဝတ်နေရေးအဆင်ပြေစေဖို့ပါ။ အခြားရေဘေးသင့်ဒေသတွေကို သွားရောက်ပြီး လှူဒါန်းဆောင်ရွက်ပေးနေတဲ့အတွက် ရခိုင်ပြည်နယ်ကို ကျွန်တော်ကိုယ်တိုင် ဒီနေ့မှ ရောက်လာနိုင်တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဒေသက ထိခိုက်မှုများတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ထောက်ပံ့ပစ္စည်း အမြန်ဆုံးပေးပို့နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ပထမတစ်ပိုင်းကတော့ ဌာနဆိုင်ရာတာဝန်ရှိသူကတစ်ဆင့် လှူဒါန်းပါတယ်။ နောက်တစ်ပိုင်းကတော့ ယနေ့ဆောင်ရွက်သလို ပြည်သူတွေဆီ တိုက်ရိုက်ထောက်ပံ့နိုင်အောင် ဆောင်ရွက်ပါတယ်။ ဒီတစ်ခေါက် အမေရိကန်နိုင်ငံကနေ မှာယူပြီး လှူဒါန်းတဲ့ ရေသန့်ကိရိယာတွေ ပါဝင်ပါတယ်။ ဆားငန်ရည်တော့ မရပါဘူး။ ရေချိုဆိုရင်ဘယ်လောက်ပဲ နောက်နေပါစေ သောက်ရေအဆင့်ကို ရအောင်လုပ်ပေးနိုင်ပါတယ်။ ပိုးမွှားကအစဖယ်ရှားပြီးသားလည်း ဖြစ်ပါတယ်။ နောက်ပြီး ရေဘေးသင့်ဒေသတွေမှာ ကုန်စည်မှန်ကန်စွာနဲ့ ဈေးနှုန်းသင့်တင့်အောင် စားသုံးနိုင်ဖို့အတွက် သက်ဆိုင်ရာ ဆန်၊ ဆီ ကုန်သည်ကြီးတွေလည်း လိုက်ပါလာပါတယ်။ အခြေခံစားကုန်ဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ ဒီလေးမျိုးကို မှန်ကန်တဲ့ ဈေးနှုန်းတွေနဲ့ ရောင်းဝယ်နိုင်အောင် ဒီခရီးစဉ်မှာပဲ ရခိုင်ပြည်နယ်မှာရှိတဲ့ ကုန်သည်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့မှာဖြစ်ပါတယ်"ဟု ပြောသည်။

ရုပ်ရှင်သရုပ်ဆောင် လွင်မိုးက "ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကနေပြီး အနယ်နယ်အရပ်ရပ်က လှူဒါန်းတဲ့ပစ္စည်းတွေကို ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသက ပြည်သူတွေဆီကို ဖြန့်ဖြူးပေးဖို့အတွက် ကျွန်တော်နဲ့ ဦးအောင်လွင် ပူးပေါင်းပြီး လာရောက်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က ကုလားတန်မြစ်ကြောင်းအတိုင်း ရှပ်ပြေးရေယာဉ်နဲ့ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနဲ့ အခုပုဏ္ဏားကျွန်းမြို့နယ် အပါအဝင် ထောက်ပံ့လှူဒါန်းမှာဖြစ်ပါတယ်။ ယခုဆို **UMFCCI** အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့အဖွဲ့တွေ ရောက်လာတာနဲ့ ပုဏ္ဏားကျွန်းမြို့နယ်က ကျေးရွာ သုံးရွာကို **UMFCCI** နဲ့မှ ပေါင်းလှူဖြစ်သွားတာပါ၊ ကျွန်တော်တို့ အဓိကတာဝန်ကတော့ အလှူရှင်တွေရဲ့ စိတ်ထဲမှာ ပီတိဖြစ်စေမယ့် လုပ်ငန်းတစ်ခုကို အဆုံးသတ်ပေးတဲ့သဘောပါ။ အလှူရှင်တွေကိုယ်စား လှူဒါန်းပေးရတဲ့အတွက် အလွန်ပီတိဖြစ်ရသလို ဝမ်းလည်းဝမ်းသာပါတယ်" ဟု ပြောသည်။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း ၂၀၁၅ ခုနှစ် ဩဂုတ်(၂၃)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၀ | ၅၇၀၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၃၄၁၂ | ၁၄၇၇၉၈ | ၁၁၇၅၈၇ | ၃၂၂၆၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၂၆၆၆၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၉၇၇ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၈၆၁၆၆ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၇၄၂၆၀ | ၆၆၇၇၁ | ၂၄၂၄၂ | ၂၃၄၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၁၈၂၈၁၁ | ၂၃၀၄၆၇ | ၁၈၇၄၇၂ | ၇၆၇၇ |
| | **စုစုပေါင်း** | **၁၄၄၃၉၀၉** | **၁၂၆၉၂၅၁** | **၁၀၇၂၈၅၆** | **၇၈၃၇၇၂** | **၂၆၈၁၉၂** |



# ထောက်ပံ့ပစ္စည်းများအား သင်္ဘောပေါ်မှကားပေါ်သို့ တင်ဆောင်နေမှု ပါဝင်ကူညီဆောင်ရွက်ပေး

**ဧရာဝတီ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ပိုလန်ဆိပ်ကမ်းတွင် တိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တနင်္သာရီတိုင်းဒေသကြီး ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သင်္ဘောပေါ်မှ ကားပေါ်သို့ တင်ဆောင်နေမှု ပါဝင်ကူညီဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ကလေးမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို တွေ့ရစဉ်။

## v ra&;qi&m aqmi&urrsm;

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့ညွန်များ ဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့ညွန်များကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း၊

ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်များသို့ ဖြန့်ဖြူးပို့ဆောင်နေစဉ်။





ကလေးမြို့ အမှတ်(၁၀)အခြေခံပညာအလယ်တန်းကျောင်းကို ရွှံ့ညွန်များ ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။



ကလေးမြို့ဗိုလ်ချုပ်လမ်းတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ကလေးမြို့ပြည်သူ့ဆေးရုံတွင် ဆည်မြောင်းဦးစီးဌာနက သန့်ရှင်းရေးဆောင်ရွက်နေစဉ်။

# ဆန်အိတ် ၅၀၀၊ စားသောက်ဖွယ်ရာများနှင့် ငွေကျပ်သိန်း ၁၁၀ လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေဘေးကယ်ဆယ်ရေး ကြီးကြပ်မှုကော်မတီထံသို့ ရန်ကုန်တောင်ပိုင်းခရိုင် ဝန်ဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဇုန် (သန်လျင်)"ရတနာရှင်းသန့်" ကုမ္ပဏီမှ ဆန်အိတ် ၅၀၀ နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၁ နာရီတွင် ကျင်းပရာ သဘာဝဘေးအန္တရာယ်ကြိုတင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက မိတ်ဆက်စကားပြောကြားပြီး ရတနာရှင်းသန့်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးစိန်လွင်က သီတဂူဆရာတော်ကြီး၏ ဩဝါဒအရ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ အရေးကြီးသောနေရာများသို့ အရင်သွားလှူပြီး ယခုမှ ကျောင်းကုန်းမြို့သို့ လာရောက်လှူဒါန်းရကြောင်း၊ ပြန်လည်ထူထောင်ရေးလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး လှူဒါန်းပေးအပ်ပွဲ ပြုလုပ်သည်။




ထို့နောက် ရေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးခင်စိုးက မြို့နယ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။ ရတနာရှင်းသန့်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိန်လွင်က ပြန်ထည်ထူထောင်ရေးတွင် အသုံးပြုရန်ငွေကျပ် သိန်း ၁၁၀ လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာ့မီးရထား တိုင်းအမှတ်(၉)နယ်မြေ ဟင်္သာတ-ညောင်တုန်းလမ်းပိုင်းနှင့် စကြေ့-ညောင်တုန်းကြား လမ်းပိုင်းကို ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ အမှတ်(၁၇၉)အဆန်နှင့် အမှတ်(၁၈၀)အစုန်ရထားများ လှိုင်သာယာအထိ ပြေးဆွဲလျက်ရှိသည်။

တိုင်းအမှတ်(၉) ပုသိမ်-ဟင်္သာတလမ်းပိုင်းနှင့် ဒါးက-ဂုံမင်းလမ်းပိုင်းကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ဒါးက-ဘဲဂရက်လမ်းပိုင်းကို ဩဂုတ် ၂၂ ရက် နံနက် ၁၀နာရီ မိနစ် ၄၀ တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ရေဝင်ရောက်ခဲ့သော အောင်လံ အထက(၂)တွင် နယ်မြေခံတပ်က သန့်ရှင်းရေးဆောင်ရွက်

**အောင်လံ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့ရာမှ ယခုအခါ မြစ်ရေပြန်လည်ကျဆင်းခဲ့ရာ သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အထက(၂)၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် ရဲမေများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၃ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ်၂၃ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၂ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၁ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၃-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၈၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **စုစုပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၃၇၀၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၃)ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၃၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၇ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၆၇၇၈** | **၃၉၉၉၁၃** | **၁၆၁၄၄၉၄** | **၁၁၄** | **၁၀၂၁၃၅၈၀၀** | **၁၁၄၅၁၄၅၀** | **၁၈၀၈၉၀၀၀၀** | **၃၁၂၅၉၉၇၀** | **၉၇၀၀၀၀၀** | **၆၁၆၃၃၇၂၂၀** | |
| | **ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ စုစုပေါင်း** | **၁၇၁၈၃** | **၄၀၂၀၅၉** | **၁၆၂၉၄၀၅** | **၁၂၁** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၄၀၀၀၀၀** | **၆၈၀၃၈၂၉၃၀** | |

# တရားမဝင်ကုန်သွယ်မှုမပြုနိုင်ရေး ကော့သောင်းတွင် စစ်ဆေး

**ကော့သောင်း ဩဂုတ် ၂၃**

ကုန်သွယ်ရေးစခန်း (ကော့သောင်း) Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးနှင့် မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့မည့် ငါးသယ်(ဝါးလပ်)လှေများအား ပါချန်ပင်လယ်ဝတွင် ရှောင်တခင် စစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအဖြစ် ကုန်သွယ်ရေးစခန်း (ကော့သောင်း) Mobile Team အဖွဲ့သည် မြိတ်မြို့နှင့် ကော့သောင်းမြို့တို့မှ ဖမ်းဆီးရရှိပြီး ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပင်လယ်ရေထွက်ပစ္စည်းများ တင်ဆောင်လာသည့် ငါးသယ်(ဝါးလပ်)လှေများအား တင်ပို့မည့် ငါးသယ်ဇာတများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခပေးသွင်းမှု အထောက်အထားများ၊ တင်ဆောင်လာသည့် ငါးအမျိုးအစားနှင့် ကုန်ချိန်မှန်ကန်ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုဖြစ်သည့် (ကော့သောင်း)ဒေသမှ တစ်ဆင့် ပြည်ပသို့တင်ပို့သည့် ပို့ကုန်(Export) လုပ်ငန်းတချို့ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်လျက်ရှိရာ ပို့ကုန်ကဏ္ဍလျာထားချက် ပြည့်မီမြင့်တက်လာစေရန် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---

❖ **ကျောဖုံးမှ**

သူတို့ခြောက်ကောင်လုံး ရေဆင်းချိုးကြတာ။ တော်တော်နီးနီးအထိ ကပ်ကြည့်လို့ရတယ်။ ဒါပေမယ့် လူတွေက တဖြည်းဖြည်းများလာပြီး တချို့က ခဲနဲ့ပေါက်တာတွေ၊ အော်ကြဟစ်ကြတာတွေ လုပ်တော့ အကြီးဆုံးဆင်တစ်ကောင်က လိုက်တယ်။ မီအောင်တော့ လိုက်တာမတွေ့ဘူး။ ခြောက်လှန့်ရုံလောက်ပဲထင်တယ်။ ဒါပေမယ့် တကယ်စိတ်တိုလာရင်တော့အန္တရာယ်ပြုနိုင်တယ်။ တချို့လူတွေက ဖုန်းနဲ့ဓာတ်ပုံရိုက်ချင်တော့ အရဲစွန့်ပြီးအနီးနားထိ ကပ်ရိုက်ကြတာလေ။ ထိန်းသိမ်းမယ့်သူလည်းမရှိဘူး။ မနက်ကတော့ သီးကုန်းဘက်မှာ ဓာတ်ပုံရိုက်တဲ့ ကလေးတစ်ယောက်ကို ဆင်တစ်ကောင်က နှာမောင်းနဲ့ ရိုက်သွားတယ်လို့ကြားတယ်"ဟု ကျားနေအိုင့်ကျေးရွာမှ ကိုမျိုးသန့်ကပြောပြသည်။

အဆိုပါ တောဆင်ရိုင်းခြောက်ကောင်မှာ ပုပ္ပားတောင်မကြီး၏မြောက်ဘက်၁၂ မိုင်ခန့်အကွာ၊ ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်ကွာဝေးသော ကျားနေအိုင့်ကျေးရွာအုပ်စု ရုံးကျင်းကျေးရွာအနီးရှိ မြင်တော်မူဘုရားကုန်းကြီး၏ အရှေ့ဘက်လျှိုအတွင်း၌ ရောက်ရှိခိုနားနေခြင်းဖြစ်ပြီး အဆိုပါ တောဆင်ရိုင်းများရောက်ရှိနေသည့်နေရာသို့ ကျားနေအိုင့်၊ ရုံးကျင်း၊ သန်းကြီးကုန်း၊ခါးပတ် အစရှိသည့်ကျေးရွာများမှ လူများလာရောက်ကြည့်ရှုကြပြီး အချို့မှာဓာတ်ပုံရိုက်ခြင်း၊ အသံပေးခြောက်လှန့်ခြင်းနှင့် ခဲများဖြင့်ပစ်ပေါက်ခြင်းတို့ကြောင့် ဆင်များမှာလည်း ဦးတည်ရာမဲ့ဖြစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါတောဆင်ရိုင်းများ သန်းကြီးကုန်းကျေးရွာအနီးမှ ဖြတ်သန်းစဉ်သီးကုန်းကျေးရွာမှ ခုနစ်တန်းကျောင်းသား မောင်နိုင်မျိုးဝင်းမှာ ယာခင်းတစ်ကွက်ကျော်မှ ဓာတ်ပုံရိုက်စဉ် ၎င်းပါလာသော ခွေးမှဆင်အားသွားရောက်ဟောင်သဖြင့် ဆင်ကလိုက်၍ နှာမောင်းဖြင့်ရိုက်ရာ ကလေးမှာ ခြေထောက်နှင့် လက်ကျိုးသွားကြောင်း သိရသည်။

ညနေပိုင်းတွင်လည်း ဆင်များလျှိုအတွင်း ရှိနေစဉ် မြင်သာတောင်ကျေးရွာသားတစ်ဦးမှ ဆင်နှင့် အနီးကပ်သွားရောက်၍ ဗီဒီယိုရိုက်ရန် ကြိုးစားသဖြင့် ဆင်ကအန္တရာယ်ပြုခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ဆင်များမှာ ၎င်းတို့ဖြတ်သန်းသွားလာသောလမ်းတွင် မည်သည့်ယာခင်း၊ တဲကိုမျှ ဖျက်ဆီးခြင်းမရှိဘဲ လူများကိုလည်းမြင်ရုံဖြင့် အန္တရာယ်မပြုကြောင်း သိရသည်။ လူများက ၎င်းတို့သွားရာ လမ်းတစ်လျှောက် အော်ဟစ်ခြောက်လှန့်ခြင်း၊ ခဲများဖြင့် ပစ်ပေါက်ခြင်းနှင့် အရဲကိုး၍ အနီးကပ်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရန် ကြိုးစားခြင်းတို့ကြောင့် ဆင်များကရန်ပြုလာကြောင်းသိရပြီး အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများမှာ ကျေးရွာများအတွင်းဝင်ရောက်၍ အန္တရာယ်ပြုလာမည်ကို ပူပန်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

■

---

✪ **ကောင်းချစ်နိုင်မှ**

တိုက်စစ်မှူး အောင်ကောင်းမာန် အပိုင်ကန်ခွင့် ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၇၆ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုး ရရှိခဲ့သည်။ ယင်းဂိုးကို လူစားဝင်ကစားသမား ကောင်းချစ်နိုင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ နိုင်ပွဲရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များ ရှိနေသေးသည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဩဂုတ် ၂၇ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

---

**စည်းကမ်း လိုက်နာ ဘေးကင်းကွာ**

---

## ဓာတ်ပုံမြင်ကွင်း



ရန်ကုန်မြို့ပတ်ရထားများ ဘူတာအဝင်အထွက်တွင် ရထားအရှိန်မသေသေးမီ ခုန်ဆင်း၊ ခုန်တက်နှင့် တွယ်စီးသောရထားစီးခရီးသည်များအနေဖြင့် မိုးရာသီကာလတွင် အန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် သတိပြုသင့်ပါသည်။ *(ဓာတ်ပုံ-ဇေယျာဝင်း)*

---

ဖတ်စရာ မှတ်စရာ

## အောင်ဘာလေထီအားပေးသူများကို ကူညီပေးပါ



မြို့တွင်းဘက်မှစီးနင်းလာသော ဘတ်စ်ကားက ပုဇွန်တောင်ဈေးမှတ်တိုင်တွင် ထိုးရပ်လိုက်သည်နှင့် ကားဂိတ်ဘေးတွင်ဖွင့်ထားသော ထီဆိုင်တစ်ဆိုင်မှ "ထီတစ်စောင် ၂၅၀ ကျပ်၊ ထီတစ်စောင် ၂၅၀ ကျပ်" ဟူသော အသံချဲ့စက်ငယ်ဖြင့် အဆက်မပြတ် ထွက်အော်နေသောအသံကို ကြားရ၏။ ဤတွင် ဩဂုတ် ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ထီပေါက်စဉ်၏ အောက်ဆုံးအကွက်ရှိ စာပိုဒ် (၃) ပါစာသားကို အမှတ်ရမိ၏။ စာသားမှာ (၃၂၀)ကြိမ်အတွက် ထီလက်မှတ် ၁၁ စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် ကျပ် ၂၀၀၀နှုန်းဖြင့် မှတ်ပုံတင်ပြပြီး တစ်ဦးလျှင် ၁၀ အုပ်အထိ ဩဂုတ် ၃ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် စာရေးသူလည်း ၁၁ စောင်လျှင် ကျပ် ၂၀၀၀နှုန်းဖြင့် ရောင်းချနေပါလျက် မည်သည့်အတွက် ကျပ် ၂၅၀ ပေး၍ ထီကံစမ်းနေကြပါသနည်းဟူသော အတွေးဖြင့် ထီကံစမ်းနေသူများကို စိတ်ထဲတွင် အပြစ်တင်နေမိပြီး မိမိကိုယ်တိုင် ၁၁ စောင်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် သွားရောက်ဝယ်ယူရန် ဆုံးဖြတ်လိုက်ပါ သည်။

ထို့ကြောင့် ဩဂုတ် ၇ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် သတင်းစာပါလိပ်စာအတိုင်း မဟာဗန္ဓုလလမ်းပေါ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲသို့ သွားရောက်ခဲ့ပါသည်။ အဝင်ဝတွင် လူဝင်လူထွက်နည်းနေ၍ အဝင်ရှိ တာဝန်ကျဝန်ထမ်းအား ထီရောင်းမည့်ကောင်တာသို့ သွားလိုကြောင်း ပြောရာ ထီလက်မှတ်များကုန်သွားပြီဖြစ်ကြောင်း ပြောပါသည်။ စာရေးသူက ဟုတ်လို့လားဟုမေးရာ မယုံလျှင် အထဲဝင်၍ မေးကြည့်ဟုဆိုသဖြင့် အထဲသို့ဝင်သွားပြီး ကောင်တာအတွင်းမှ ဝန်ထမ်းများကိုမေးကြည့်ရာ ထီလက်မှတ်များ ကုန်သွားပြီဖြစ်ကြောင်း၊ အမှန်တကယ် ထီတစ်အုပ်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ဤနေရာတွင် ကုန်သွားသော်လည်းမြို့နယ်ရုံးများတွင် ဖြန့်ခွဲရောင်းချနေသဖြင့် မြို့နယ်အခွန်ရုံးများတွင် သွားဝယ်ရန်အကြံပေးပါသည်။

သို့နှင့် မိမိလည်း ၎င်းတို့အကြံပေးသည့်အတိုင်း ဩဂုတ် ၁၀ ရက် (တနင်္လာနေ့) တွင် မဟာဗန္ဓုလလမ်းနှင့် (၅၃)လမ်းရှိ မြို့နယ်အခွန်ရုံးသို့ သွားရောက်ခဲ့ပါသည်။ အရောင်းဌာန၏ကောင်တာတွင် ထီလက်မှတ်များ အုပ်လိုက် ချိတ်ဆွဲထားသည်ကို တွေ့ရသဖြင့် ဈေးနှုန်းမေးမြန်းရာ တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြစ်ပြီး တစ်အုပ်လျှင် ကျပ် ၂၂၀၀ နှုန်းဖြစ်ကြောင်း၊ ဝယ်ယူလိုပါက ဆိုင်တွင်တင်ထားသော ထီစာအုပ်များထဲမှ ကြိုက်ရာအုပ်ကို ဝယ်ယူနိုင်ကြောင်း၊ တစ်စောင်ချင်း၊ နှစ်စောင်ချင်း ခွဲမရောင်းကြောင်း၊ တစ်အုပ်လုံးကို ကျပ် ၂၂၀၀နှင့် ယူရမည်ဖြစ်ကြောင်း ပြောပါသည်။ မြို့နယ်ရုံးနှင့်ရုံးချုပ်ဌာနခွဲအကြားတွင် တစ်အုပ်လျှင် ကျပ် ၂၀၀ ဈေးတက်သွားသည့်သဘောဖြစ်ပါသည်။ သို့နှင့် မိမိလည်း ထီစာအုပ်နှစ်အုပ်ကို ကျပ် ၄၄၀၀ ပေး၍ ဝယ်ယူပြီးပြန်ခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ ပြင်ပတွင်ရောင်းချသော တစ်စောင်ကျပ် ၂၅၀၊ ၃၀၀ နှုန်းနှင့်နှိုင်းစာလျှင် ဈေးနှုန်းသက်သာမှုရှိနေသေးသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မည်သည့်အတွက်အပြင်ဆိုင်များတွင် ဈေးပိုပေး၍ ထီထိုးနေကြသည်ကို ထီဝါသနာရှင်များအား မေးမြန်းကြည့်ရာ (၃၈)လမ်း ရုံးချုပ်ဆိုင်တွင် ဝယ်ယူပါက ထီစာအုပ်(အက္ခရာ၊ ဂဏန်း)များအား ရွေးချယ်ခွင့်မရဘဲ ရောင်းချသူပေးသည့် ထီစာအုပ်ကိုသာ ယူရကြောင်း၊ ရောင်းချသည့်ရက်မှာလည်း သုံး၊ လေးရက်မျှသာရှိသောကြောင့် သွားရောက်ဝယ်ယူသူနည်းပါးရခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ထို့အတူပင် မြို့နယ် ရုံးများတွင် ဝယ်ယူပါကလည်း ရုံးချုပ်တွင်ကဲ့သို့ အုပ်လိုက်ဝယ်ရသော်လည်း ကျပ် ၂၀၀ ပိုပေးရကြောင်း၊ ဆိုင်တွင်တင်ထားသည့် ထီစာအုပ် ၂၀၊ ၃၀ ခန့်အတွင်းမှ ရွေးချယ်ဝယ်ယူရကြောင်း၊ သို့သော်လည်း လစဉ် ၁၅ ရက်နောက်ပိုင်းတွင် ရောင်းချလေ့မရှိကြောင်း ပြောပြပါသည်။

ထီလက်မှတ်များကို သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချစေရေးအတွက် တာဝန်ရှိသူများက နည်းလမ်းများရှာဖွေဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဥပဒေပြင်ပမှချဲထီများ၊ ဘောလုံးလောင်းကစားမှုများ ပပျောက်သွားမည်ဖြစ်ပါသည်။ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချစေရေးအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်းမရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် ပွင့်လင်းစွာခေါ်ယူပြီး လုပ်ကိုင်ခွင့်ပေးသင့်ပါသည်။ **(လင်းကိုကို)**

# ခရစ်ဘရောင်းန်၏ တေးအယ်လ်ဘမ်သစ်ကို သမီးလေးနာမည်ဖြင့် ထုတ်လုပ်မည်




အမေရိကန်ပေါ့ပ်အဆိုတော် ခရစ်ဘရောင်းန်သည် သူ၏သမီးလေးလွိုင်ရယ်လ်တီ၏ အမည်ကိုအစွဲပြုပြီး နောက်ထွက်ရှိမည့်တေးအယ်လ်ဘမ်သစ်ကို"Royalty"ဟု အမည်ပေးကာ ထုတ်လုပ်ဖြန့်ချိသွားမည် ဖြစ်သည်။

ခရစ်ဘရောင်းန်က နောင်ထွက်ရှိမည့်တေးအယ်လ်ဘမ်သည် ထူးခြားသည့် တေးအယ်လ်ဘမ်တစ်ခုဖြစ်သည့်အပြင် သူ့ဘဝတွင် အရေးပါဆုံးသော အမျိုးသမီးတစ်ဦးဖြစ်သည့် သမီးလေး၏အမည်ဖြင့်ထုတ်လုပ်သွားမည်ဖြစ်ရာ ဘဝအတွက် အမှတ်တရတစ်ခုလည်း ဖြစ်ကြောင်း ဩဂုတ် ၂၂ရက်က သူ၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုထွက်ရှိမည့် တေးအယ်လ်ဘမ်သည် ဘရောင်းန်၏ သတ္တမမြောက်တေးအယ်လ်ဘမ်ဖြစ်ကာ ယခုနှစ် နွေဦးရာသီတွင် စတင်ဖြန့်ချိသွားမည်ဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်တွင် သူ၏ပုဂ္ဂလိကအကြောင်းအရာများကို စပ်ဆိုရေးဖွဲ့ထားသည့် တေးသီချင်းများလည်း ပါဝင်မည်ဖြစ်သည်။

သူသည် ရည်းစားဟောင်း နီရာဂက်စ်မန်နှင့် သမီးလေးရှိနေကြောင်းမမျှော်လင့်ဘဲ သိရှိခဲ့ပြီးနောက် ဖခင်တစ်ဦး၏ဘဝနှင့် တာဝန်ဝတ္တရားများကို ကြိုးစားလေ့လာနေကြောင်းနှင့် သမီးလေးအပေါ်ထားရှိသည့် ဖခင်တစ်ဦး၏မေတ္တာနှင့် ချစ်ခင်မှုများကို နည်းလမ်းအမျိုးမျိုးဖြင့်ပြသနိုင်ရန် ကြိုးပမ်းလျက်ရှိရာ ယခုတစ်ကြိမ်တေးအယ်လ်ဘမ်၏ခေါင်းစီးကို သမီးလေးအမည်ပေးခဲ့ခြင်းသည်လည်း သူ၏နည်းလမ်းများအနက် တစ်ခုဖြစ်ကြောင်း ဆိုခဲ့သည်။ ဘရောင်းန်သည် သူ့တွင် တစ်နှစ်အရွယ်သမီးလေး လွိုင်ရယ်လ်တီရှိကြောင်း ပြီးခဲ့သည့် မတ်လအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

# ပတ်ဝန်းကျင်က ရဲကိုတိုင်ခဲ့ရတဲ့ မက်ဒေါနားရဲ့ မွေးနေ့ပါတီပွဲ

ပြီးခဲ့သည့်စနေနေ့က ကျင်းပခဲ့သော အမေရိကန်ပေါ့ပ်အဆိုတော် မက်ဒေါနား၏ (၅၇)နှစ်ပြည့်မွေးနေ့ပါတီတွင် သီချင်းများကို ကျယ်လောင်စွာ ဖွင့်၍ ကခုန်ကြသောကြောင့် ပတ်ဝန်းကျင်အိမ်များက ရဲကိုတိုင်ကြားကာ ပါတီပွဲကိုရပ်နားခိုင်းရသည်အထိဖြစ်ခဲ့ကြောင်း Mirror သတင်းစာက ဖော်ပြခဲ့သည်။

မက်ဒေါနားသည် သူ၏အိမ်နီးချင်းများနှင့် ခင်မင်သော အနုပညာ မောင်နှမများကိုဖိတ်ကြားကာ နယူးယော့ခ်မြို့တော် ဟမ်ပ်တွန်ရှိ အိမ်တွင် မွေးနေ့ပါတီကိုကျင်းပခဲ့ရာ ပါတီပွဲမှထွက်ပေါ်လာသည့် ဆူညံသံများကို ပတ်ဝန်းကျင်က နားမခံနိုင်သည့်အဆုံး ရဲကိုတိုင်ကြားခဲ့ပြီး တနင်္ဂနွေနေ့ နံနက် ၂ နာရီခွဲခန့်တွင် ရဲများကလာရောက်ထိန်းသိမ်းခဲ့သည်။

သူသည် ပါတီပွဲများ ကျင်းပရသည်ကိုနှစ်သက်ကြောင်းနှင့် လွန်ခဲ့သည့် သီတင်းပတ်ကလည်း သားဖြစ်သူ ရော့ခ်ကို၏ (၁၅)နှစ်ပြည့်မွေးနေ့ပါတီကို ကျင်းပခဲ့သေးကြောင်းလည်း အိမ်နီးချင်းများက တီအမ်ဇက်သို့ ပြောသည်။

# ဖျော်ဖြေရေးစင်မြင့်ပေါ်မှာ နောက်ပြန်ချော်လဲခဲ့တဲ့ ဟယ်ရီစတိုင်လ်

ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ ဟယ်ရီစတိုင်လ်သည် အဖွဲ့၏နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်များအနက်တစ်ခုဖြစ်သည့် ကနေဒါနိုင်ငံ တော်ရန်းတိုးမြို့ ရော်ဂျားစ်စင်တာတွင်ဖျော်ဖြေနေစဉ် စင်ပေါ်တွင် နောက်ပြန်လဲကျခဲ့သည်။

ဟယ်ရီသည် ဩဂုတ် ၂၀ ရက် (ကြာသပတေးနေ့)က ပြုလုပ်ခဲ့သော အဆိုပါဖျော်ဖြေပွဲ၏ စင်မြင့်ပေါ်တွင် ဦးခေါင်းထက်လက်ကိုမြှောက်ကာ လက်ခုပ်တီးရန်ဟန်ပြင်လိုက်စဉ် တစ်စုံတစ်ရာကို နင်းမိပြီးနောက် အရှိန်မထိန်းနိုင်ဖြစ်ကာ ခြေချော်ပြီးနောက်ပြန်လဲကျခဲ့သည်။ သို့သော်အပြင်းအထန်ထိခိုက်နာကျင်သွားခြင်းမျိုး မရှိခဲ့ပေ။


ယခုဖျော်ဖြေရေးခရီးစဉ်သည် အဖွဲ့၏နောက်ဆုံးထွက်ရှိထားသော စတူဒီယိုတေးအယ်လ်ဘမ်သစ် "Four"အတွက် ဖျော်ဖြေရေးခရီးစဉ်ဖြစ်ကာ အမေရိကန်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၂ ရက်အထိဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့နောက် ဥရောပတွင်ဖျော်ဖြေသွားမည်ဖြစ်ပြီး ခရီးစဉ်အားလုံး အောက်တိုဘာလတွင် အဆုံးသတ်မည်ဖြစ်သည်။

ဟယ်ရီသည်ပြီးခဲ့သည့်လက ဆန်ဒီယေဂိုမြို့ရှိ ကွယ်လ်ကွန်းမ်ဘောလုံးကွင်း၌ ကျင်းပခဲ့သည့် ဖျော်ဖြေရေးခရီးစဉ်တွင်လည်း ခန္ဓာကိုယ်ကို နောက်သို့ကွေးလိုက်စဉ် မိုက်ကရိုဖုန်းနှင့်အတူ စင်ပေါ်မှအောက်သို့ ခြေချော်ကျခဲ့ရာ ယခုတစ်ကြိမ်သည် ခရီးစဉ်အတွင်း နှစ်ကြိမ်မြောက်ချော်လဲခြင်းဖြစ်သည်။



အေးပြည့်-စုစည်းသည်

# သရုပ်ဆောင်ကြေး အမြင့်ဆုံး အမျိုးသမီး သရုပ်ဆောင် ဂျနီဖာလောရန့်စ်



"Hunger Games"စွန့်စားခန်း ရုပ်ရှင်ဇာတ်လမ်းတွဲများဖြင့် နာမည်ကျော်ကြားလာခဲ့သော ဟောလိဝုဒ်ကြယ်ပွင့် ဂျနီဖာလောရန့်စ်သည် ၂၀၁၅ ခုနှစ်တွင် အမျိုးသမီးသရုပ်ဆောင်များထဲတွင် သရုပ်ဆောင်ကြေး အမြင့်ဆုံးရရှိသော အနုပညာရှင်ဖြစ်ကာ ပြီးခဲ့သည့်နှစ်က အနုပညာလုပ်ငန်းများမှ သူရရှိခဲ့သောဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၂ သန်းဖြစ်ကြောင်း ရိုက်တာဒေ့ါကွန်းမ်က ဖော်ပြခဲ့သည်။ သူ၏အနုပညာကြေးသည် အမျိုးသား သရုပ်ဆောင်များရရှိသောအနုပညာကြေးနှင့်နှိုင်းယှဉ်ပါက အလွန်ကွာခြားသော်လည်း အသက်(၂၅)နှစ်အရွယ် မင်းသမီးလောရန့်စ်သည် အမျိုးသမီးများထဲတွင်မူ ဝင်ငွေအကောင်းဆုံးနှင့် သရုပ်ဆောင်ကြေးအမြင့်ဆုံး ရရှိသူဖြစ်သည်။

အမျိုးသားသရုပ်ဆောင်များအနက် "Iron Man"မင်းသား ရောဘတ်ထ် ဒေါနေက ဝင်ငွေအကောင်းဆုံးဖြစ်ကာ သူ၏ခန့်မှန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြစ်သည်။ အမျိုးသမီးသရုပ်ဆောင်များအနက် ဒုတိယနေရာတွင်ရှိနေသော စကားလက်ဂျိုဟန်ဆန်၏ခန့်မှန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅ သန်းနှင့် တတိယနေရာရှိ မယ်လစ်စာ မက်ကတ်ထ်သီက ဒေါ်လာ ၂၃ သန်းဖြင့် အသီးသီးရပ်တည်နေသည်။ ယမန်နှစ်က အနုပညာကြေး အမေရိကန်ဒေါ်လာ ၅၁ သန်းရရှိခဲ့ပြီး အမျိုးသမီးသရုပ်ဆောင်များအနက် ဝင်ငွေအကောင်းဆုံးဖြစ်သော မင်းသမီး ဆန်ဒရာဘူးလောသည် ယခုနှစ်တွင်မူ အမေရိကန်ဒေါ်လာ ရှစ်သန်းခန့်သာ ရရှိလေသည်။

ဂျနီဖာလောရန့်စ်သည် ၂၀၁၃ ခုနှစ်က "Sliver Linings Playbook"ရုပ်ရှင်တွင် ပြင်သစ်ဖက်ရှင်နှင့် အလှအပရေးရာကုမ္ပဏီ၏ ဒါရိုက်တာအဖြစ်သရုပ်ဆောင်ခဲ့ပြီး အဆိုပါရုပ်ရှင်ဖြင့် အော်စကာဆု ရရှိထားသူလည်းဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၄ - ၈ - ၂၀၁၅ (တနင်္လာနေ့)

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၁၅ ပညာရေးကဏ္ဍ
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ
- ၁၂း၃၅ Tasty Trip
- ၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁း၄၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (အပိုင်း-၁၁) (ပထမပိုင်း) (ညိုညိုစန်း၊ အမာစိန်၊နွဲ့နွဲ့စန်း) (မင်းသမီး-ဒါလီလင်း၊ လူရွှင်တော် ကောင်းကျော်၊ ချာလီ၊ကံပွင့်၊ မိုးပွင့်)
- ၃း၃၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (အပိုင်း-၁၁) (ဒုတိယပိုင်း) (ညိုညိုစန်း၊ အမာစိန်၊နွဲ့နွဲ့စန်း) (မင်းသမီး-ဒါလီလင်း၊ လူရွှင်တော်ကောင်းကျော်၊ ချာလီ၊ကံပွင့်၊မိုးပွင့်)
- ၇း၃၅ "လေ့လာမှတ်သား ရွှေးကောက်ပွဲဆိုင်ရာများ" (အပိုင်း-၂) (လက်သင်္ကေတ) -နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၁၉)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁၂၃)
- ၆း၂၀ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၁)
- ၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၉၁)
- ၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်"(အပိုင်း-၃)
- ၈း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကပွဲယလေး"(ပထမပိုင်း) (နေယံ၊ ခိုင်သင်းကြည်၊ မေကဗျာ) (ဒါရိုက်တာ-သန့်ဇင်အောင်)
- ၉း၅၀ တေးဂီတအစီအစဉ်
- ၁၀း၁၀ "လှပသောတမန်တော်" တရုတ်မသန်စွမ်း အနုပညာရှင်များအဖွဲ့ဖျော်ဖြေမှု
- ၁၀း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "စိန်လိုက်လေကြာသလားလို့" (ကျော်သူ၊ ရဲထက်၊ ပွင့်နဒီမောင်၊ အယ်လ်ဂျူးလီ) (ဒါရိုက်တာ-မင်းနိုင်)

**တစ်နေ့ (၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
- ၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ် (လူငယ်နှင့်ပရဟိတ)
- ၁၁း၀၀ သွားမယ်စားမယ်
- ၁၁း၅၀ ကျားခင်စိန်နှင့်တွေ့ဆုံခြင်း
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၃၄)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၂၂)
- ၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၃၁)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၃၂)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၂၃)
- ၈း၁၀ Drive It
- ၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၆၄)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၃၅)
- ၁၀း၀၀ Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ)
- ၁၁း၄၅ MRTV-4 Stage
- ၄း၄၀ မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော် သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂန္ဓဝင်မြောက်အမုန်း (အပိုင်း-၄၈)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းခြာ ချစ်လိပ်ပြာ (အပိုင်း-၁၀) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ခနတံတိုင်းရဲ့တစ်ဖက် တစ်ချက်" (အပိုင်း-၇)

**အားကစား**

# ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ပြိုင်ပွဲ၏ပထမဆုံးနိုင်ပွဲရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၃)၏ တနင်္ဂနွေညအစောပိုင်း ပွဲစဉ်အဖြစ် ဝက်စ်ဘရွန်းအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဝက်စ်ဘရွန်းအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ပွဲကစားချိန် မိနစ် ၂၀ မှာပင် အသစ်ခေါ်ယူထားခဲ့သည့် ကွင်းလယ်ကစားသမား ပက်ဒရို၏ သွင်းဂိုးဖြင့် အိမ်ရှင် ဝက်စ်ဘရွန်းအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ထို့နောက် ပွဲကစားချိန် မိနစ် ၃၀ တွင် တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် ပွဲကစားချိန် ၄၂ မိနစ်တွင် နောက်ခံလူ အက်ပလီကူတာတို့က ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။

ဝက်စ်ဘရွန်းအသင်းမှာမူ ပွဲကစားချိန် ၁၄ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီအား ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့သည့်အပြင် ၃၅ မိနစ်နှင့် ပွဲကစားချိန် ၅၉ မိနစ်တို့တွင် ချေပဂိုးနှစ်ဂိုးသာ ပြန်လည်သွင်းယူနိုင်ခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန်ပြီးဆုံးချိန်တွင် ချယ်လ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ယခု ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပထမဆုံးသော နိုင်ပွဲရရှိသွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် အနိုင်သုံးမှတ်အပြည့်ရယူနိုင်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးခြေစွမ်းများပြသလေ့ရှိသည့် ဂျွန်တယ်ရီမှာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ **[ငွေကြယ်]**





# ကစားသမားကောင်းများ ထပ်မံခေါ်ယူရန် မန်ယူ လိုအပ်နေဟု ရွန်းနီ ပြောကြား

မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားကောင်းများ ထပ်မံခေါ်ယူရန် လိုအပ်လျက်ရှိကြောင်း မန်ယူအသင်းတိုက်စစ်မှူး ရွန်းနီက ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ဒီပေး စသည့်ကစားသမားများကို ခေါ်ယူနိုင်ခဲ့သော်လည်း မန်ယူအသင်းခေါ်ယူရန်ပစ်မှတ်ထားခဲ့သည့် ကစားသမားနှစ်ဦးဖြစ်သည့် ပက်ဒရိုသည် ချယ်လ်ဆီးအသင်းသို့ လည်းကောင်း၊ အော့တမန်ဒီသည် မန်စီးတီးအသင်းသို့ လည်းကောင်း ပြောင်းရွှေ့သွားခဲ့သည်။

မန်ယူအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်ပြိုင်ပွဲအတွက် ဘရူဂျီအသင်းနှင့် ပထမအကျော့ယှဉ်ပြိုင်ကစားခဲ့ရာတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့သော်လည်း ကစားသမားကောင်းများထပ်မံခေါ်ယူနိုင်မှသာလျှင် ချန်ပီယံလိဂ်အုပ်စုအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း တိုက်စစ်မှူးရွန်းနီက လက်ခံထားသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ကစားသမားသစ်များဖြင့် အထိုင်မကျခဲ့ခြင်းကြောင့် ဘောလုံး ရာသီကုန်ဆုံးချိန်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအမှတ်ပေးဇယား၏ အဆင့်(၄)နေရာဖြင့်သာ ရပ်တည်ခဲ့ရသည်။ ထို့ကြောင့် ချန်ပီယံလိဂ်ကို တိုက်ရိုက်ဝင်ခွင့်မရရှိခဲ့ဘဲ play-off ကစားပြီးမှ ဝင်ခွင့်ရရှိမည်ဖြစ်ရာ ဩဂုတ် ၂၆ ရက်တွင် ဒုတိယအကျော့ကစားရမည်ဖြစ်ပြီး အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ ကစားသမားကောင်းများ ထပ်မံခေါ်ယူသင့်ကြောင်း တိုက်စစ်မှူး ရွန်းနီက မှတ်ချက်ပြုပြောကြားခဲ့သည်။

သို့ရာတွင် မန်ယူအသင်းနည်းပြ ဗန်ဟားလ်ကမူ စနေနေ့ည အစောပိုင်းက ကစားခဲ့သည့်ပရီမီယာလိဂ်ပွဲစဉ်(၃)တွင် နယူးကာဆယ်အသင်းအား ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း နောက်ထပ်တိုက်စစ်မှူး ခေါ်ယူရန်မလိုအပ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွန်းနီမှာမူ ပြီးခဲ့သည့် ဧပြီ ၄ ရက်မှစတင်ကာ မန်ယူအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းမရှိသည့်အပြင် ယခု ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ရာသီအစ သုံးပွဲတွင်လည်း ဂိုးမသွင်းနိုင်ခဲ့ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ဆိုသည်။

**[နိုင်လင်းကြည်]**

# ပက်ဒရိုအား ခေါ်ယူနိုင်ခဲ့ပြီးနောက် ပေါ့ဘာအား ထပ်မံချဉ်းကပ်လာသည့် ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းက ပက်ဒရိုကို ခေါ်ယူဖို့သဘောတူညီမှုရယူနိုင်ခဲ့ပြီးတဲ့နောက်မှာ ဂျူဗင်တပ်ကွင်းလယ်လူပေါ့ဘာအတွက်လည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ အထိ အသုံးပြုပြီး ကမ်းလှမ်းလာခဲ့ပါတယ်။ ဒါပေမယ့် ဂျူဗင်တာဝန်ရှိသူတွေကတော့ သူတို့ရဲ့ ကစားသမားဟာ ရောင်းချမယ့် ကစားသမားမျိုးထဲမှာမပါဘူးလို့ ချက်ချင်းပဲတုံ့ပြန်ခဲ့ပါတယ်။

ချယ်လ်ဆီးဟာ ပြီးခဲ့တဲ့အပတ်က မန်စီးတီးကို သုံးဂိုး-ဂိုးမရှိနဲ့ မရှုမလှ အရေးနိမ့်ပြီးတဲ့နောက်မှာ အသင်းပိုင်ရှင် ရာမန်အေဘရာမိုဗစ်ချ်က နည်းပြ မော်ရင်ဟိုအလိုရှိနေတဲ့ကစားသမားတွေကို ဒီနွေဈေးကွက်မပိတ်သိမ်းခင်မှာပဲ ခေါ်ယူဖို့ ငွေကြေးအသုံးစရိတ်အများအပြားကို ချထားပေးခဲ့ပါတယ်။ မော်ရင်ဟိုအနေနဲ့လည်း ဒီအခွင့်အရေးကို လျင်လျင်မြန်မြန်ပဲအသုံးချပြီး မန်ယူနဲ့ အပြောင်းအရွှေ့မှာ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ပက်ဒရိုကို တစ်ပတ်အတွင်း ပြီးပြတ်အောင် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပါတယ်။ မော်ရင်ဟိုက သူဟာ ပက်ဒရိုကိုခေါ်ယူခွင့်ရဖို့ တစ်မိနစ်တာဖုန်းခေါ်ဆိုမှုပဲပြုပြီး သဘောတူညီမှုရယူနိုင်ခဲ့တာဖြစ်တယ်လို့ ဂုဏ်ယူဝင့်ကြွားစွာဆိုလိုက်ပါတယ်။

ဒါပေမယ့် ပေါ့ဘာလို ခြေစွမ်းကောင်းလွန်းတဲ့ တက်သစ်စလူငယ်ကစားသမားကိုရဖို့ဆိုရင် ချယ်လ်ဆီးအနေနဲ့ အနည်းဆုံး ပေါင်သန်း ၁၀၀ လောက်နဲ့ ကမ်းလှမ်းမှုပြုနိုင်မှသာ အဆင်ပြေနိုင်မှာဖြစ်ပြီး ကစားသမားကိုယ်တိုင်ကလည်း အင်္ဂလန်မြေထက် စပိန်မှာပဲကစားဖို့ ပိုပြီးစိတ်အားထက်သန်တယ်လို့ ပြောကြားထားခဲ့ဖူးပါတယ်။

အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းကိုလည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ နီးပါး အသုံးပြုပြီး ခေါ်ယူဖို့ ကြိုးပမ်းနေမှုကိုလည်း ချယ်လ်ဆီးက လက်မလျှော့သေးပါဘူး။ ဒါကြောင့် ဒီလိုအင်အားတောင့်တင်းလာတဲ့ လူစာရင်းကြောင့် ချယ်လ်ဆီးရဲ့ ရာသီအစရလဒ်ဆိုးရွားနေမှုတွေကို မကြာခင်အဆုံးသတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်းပါ။

**[ရွှေဝင်းယန်ဟောင်]**



# ဖက်ဒဲရာနှင့် ဂျိုကိုဗစ်ချ်တို့တွေ့ဆုံကြတော့မည့် စင်စင်နတီမာစတာ ဗိုလ်လုပွဲ

စင်စင်နတီမာစတာစီးရီး တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဖက်ဒဲရာနှင့် ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်တို့ ဩဂုတ်၂၄ရက်တွင် တွေ့ဆုံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ယင်းမာစတာစီးရီးပြိုင်ပွဲသည် အမေရိကန်အိုးပင်းပြိုင်ပွဲမတိုင်မီ နာမည်ကျော်တင်းနစ်ကစားသမားများ လက်ရည်သွေးယှဉ်ပြိုင်လေ့ရှိသည့် ပြိုင်ပွဲဖြစ်ပြီး နာမည်ကျော် ဂျိုကိုဗစ်ချ် မရရှိဖူးသေးသည့် တစ်ခုတည်းသော မာစတာစီးရီးလည်းဖြစ်သည်။

ဖက်ဒဲရာနှင့် အင်ဒီမာရေးတို့ တွေ့ဆုံယှဉ်ပြိုင်ခဲ့သည့် စင်စင်နတီမာစတာစီးရီး အကြိုဗိုလ်လုပွဲ၌ ဖက်ဒဲရာက ၆-၄၊ ၇-၆(၈-၉)ဖြင့် အနိုင်ယူခဲ့သည်။ မာရေးသည် ယခုရက်သတ္တပတ်အတွင်းမှာပင် ဖက်ဒဲရာ၏ ကမ္ဘာ့အဆင့်(၂)နေရာအား လွှဲပြောင်းရယူခဲ့သူဖြစ်သော်လည်း ဝင်လ်ဘယ်ဒန်အိုးပင်းအပြီး ပထမဆုံးထိပ်တိုက်ပြန်လည်တွေ့ဆုံမှုတွင် ယခုကဲ့သို့ အရေးနိမ့်ခဲ့ရခြင်းလည်းဖြစ်သည်။

ဒုတိယပွဲငယ်တွင် နှစ်ဦးစလုံး သူတစ်ပြန်ကိုယ်တစ်ပြန်အမှတ်များရယူ၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သော်လည်း ဖက်ဒဲရာက အင်ဒီမာရေးနှင့် တွေ့ဆုံတိုင်း အသာရလေ့ရှိသည့် မှတ်တမ်းကောင်းကို ထိန်းသိမ်းနိုင်ခဲ့ကာ ကစားချိန် တစ်နာရီ ၃၇ မိနစ်အတွင်း ၁၄-၁၁ ဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲရာမှာ အသက်(၃၄)နှစ်ရှိပြီဖြစ်သော်လည်း သူ့ထက်ခြောက်နှစ်နီးပါးငယ်ရွယ်သည့် မာရေးအား နောက်ဆုံးတွေ့ဆုံခဲ့သည့် ငါးကြိမ်တွင် အကြိမ်တိုင်းအနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့သည်။ ဖက်ဒဲရာအနေဖြင့် မာရေးအား နောက်ဆုံးအကြိမ် ရှုံးနိမ့်ခဲ့မှုမှာ ၂၀၁၃ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်၌ဖြစ်သည်။

ဂျိုကိုဗစ်ချ်မှာလည်း မာစတာစီးရီး ကိုးပွဲလုံး ဗိုလ်စွဲနိုင်သည့် ပထမဆုံးအမျိုးသားတင်းနစ်ချန်ပီယံဖြစ်လာရန် ယခုစင်စင်နတီမာစတာစီးရီး၌သာ ချန်ပီယံဖြစ်ရန်လိုအပ်နေသည်။ ထို့ပြင် ဂျိုကိုဗစ်ချ်မှာ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၆၆) နေရာ၌သာ ရှိနေသော ကစားသမားနှင့်သာ တွေ့ဆုံယှဉ်ပြိုင်ခဲ့ရသောကြောင့် ဖက်ဒဲရာထက် ပွဲပန်းမှုပိုမိုသက်သာနိုင်မည်ဖြစ်သည်။

ထိပ်တိုက်တွေ့ဆုံမှုအနေအထားအရလည်း ဂျိုကိုဗစ်ချ်မှာ ယခုနောက်ပိုင်းနှစ်များတွင် ဖက်ဒဲရာအပေါ် အမြဲလိုလို အသာရနေခဲ့ရာ ယခုပွဲတွင်လည်း ဂျိုကိုဗစ်ချ်သာ အောင်ပွဲခံနိုင်မည့် အလားအလာ ပိုမိုကောင်းလျက်ရှိသည်။

**[မေလှဲ့သင်း]**






## ပြည်တွင်းရေးရာ

### ကျောက်မဲမြို့တွင် တောင်ကျချောင်းရေကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွား

နေပြည်တော်   ဩဂုတ်   ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ယမန်နေ့ ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ည ၈ နာရီခန့်တွင် တောင်ကျချောင်းရေများ၊ မြို့အတွင်းဖြတ်သန်းစီးဆင်းနေသော နမ့်စောင်းငေါင်း ချောင်းရေမြင့်တက်လာပြီး ရေကြီးရေလျှံမှုကြောင့် အမှတ် (၅)နှင့် (၆)ရပ်ကွက်တို့ရှိ လူနေအိမ်များ၊ တံတားများ ရေဝင်နစ်မြုပ်မှုနှင့်အတူ အမက(၁)ဝင်းအတွင်း ရေများစီးဝင်ခဲ့သည်။ အဆိုပါ တောင်ကျရေမှာ ည ၁၁ နာရီခန့်မှ စတင်၍ ကျဆင်းသွားခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သောနေရာများတွင် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက စောင့်ကြပ်ကြည့်ရှုပြီး လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရသို့ တောင်းပန်ခြင်း

၁၈-၈-၂၀၁၅ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၅)တွင် "နိုင်ငံတကာ အကူအညီများအား အစိုးရတံဆိပ်ကပ်၍ လျှုဒါန်းမှုအပေါ် ဝေဖန်မှုများမြင့်တက်" ခေါင်းစဉ်ဖြင့် သတင်းနှင့် ၂၅-၈-၂၀၁၅ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၆)တွင်လည်း "အရေးပေါ်ရေဘေးကယ်ဆယ်ရေးလော၊ မဲဆွယ်စည်းရုံးရေးလော"ဟူသည့် ဆောင်းပါးတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းနှင့် ဆောင်းပါးပါအချက်အလက်များသည် မှားယွင်းနေပြီး ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နေသည့် အများပြည်သူနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းစေတနာရှင် အလှူရှင်များအနေဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေခဲ့သောကြောင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရကို စောင့်ကြည့်သတင်းဂျာနယ် News Watch Weekly မှ တောင်းပန်အပ်ပါသည်။

စောင့်ကြည့်သတင်းဂျာနယ်

**News Watch Weekly**

# ပြည်သူများသို့ ပန်ကြားလွှာ

၂၀၁၅ ခုနှစ်၊ ဇွန်လမှဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အတိဒုက္ခကြုံတွေ့ရသည့် ပြည်သူများကို စာနာသော စိတ်ထား၊ မွန်မြတ်သော စေတနာသဒ္ဓါတရားတို့ဖြင့် ပြည်တွင်း/ပြည်ပရှိ ရဟန်းရှင်လူပြည်သူများက တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း၊ လုပ်အားဒါနပေးလှူခြင်း၊ အလှူငွေနှင့် ပစ္စည်းများထောက်ပံ့ကူညီ လှူဒါန်းခြင်းများအတွက် ရေဘေးသင့်ပြည်သူများနှင့်တကွ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီမှ ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါသည်။

ထိုသို့ကူညီထောက်ပံ့မှုများကို မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ စီမံခန့်ခွဲ၊ အကောင်အထည်ဖော်နိုင်ရန်တို့အတွက် ပြည်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ထောက်ပံ့ကူညီခဲ့သည့် နေရာဒေသ၊ ငွေကြေး၊ ပစ္စည်းတန်ဖိုးစသည်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ကယ်ဆယ်ရေးစခန်းများ(သို့မဟုတ်) အောက်ပါဖုန်းအမှတ်၊ ဖက်စ်အမှတ်၊ အီးမေးလ်အမှတ်များသို့ စာ/ တယ်လီဖုန်း/အီးလ်မေး/ဖက်(စ်) သင့်ရာနည်းလမ်းဖြင့် ဆက်သွယ် ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီရုံး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
ဖုန်းအမှတ်များ - ၀၆၇-၄၀၄၀၂၂၊ ၀၆၇-၄၀၄၀၂၁၊ ၀၆၇-၄၀၄၅၄၀၊ ၀၉-၄၂၃၀၀၀၂၉၇၊ ၀၉-၄၂၃၀၀၀၂၉၈၊ ၀၉-၈၆၀၃၄၀၁၊ ၀၉-၈၆၀၃၄၀၂
ဖက်စ်အမှတ်- ၀၆၇-၄၀၄၅၄၁၊ ၀၆၇-၄၀၄၃၃၅
အီးမေးလ်- mswrr.rehab.donate@gmail.com

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကမ္ဘာ့လူသားချင်းစာနာမှုနေ့ ဦးသန့်နေအိမ်ဝင်းတွင်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ကမ္ဘာ့လူသားချင်းစာနာမှုနေ့ အထိမ်းအမှတ်ပွဲကို ရန်ကုန်မြို့ အင်းလျားလမ်း ပန်းဝါလမ်းရှိ United Nations ၏ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေအိမ်ဝင်းရှိ ဦးသန့်ငြိမ်းချမ်းရေး ကျောက်တိုင်ရှေ့တွင်ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လူသားချင်းစာနာမှုနေ့ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်ချ်မြို့ရှိ UN လူသားချင်းစာနာထောက်ထားမှုရုံးကို အကြမ်းဖက်ခံရပြီး UN လူသားချင်း စာနာမှုရုံး အကြီးအကဲ Mr. Sergio Viera de Mello နှင့် UN ဝန်ထမ်းများ ကျဆုံးသည့်နေ့၌ World Humanitarian Day အဖြစ် ၂၀၀၄ ခုနှစ်မှစ၍ UN အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့လူသားချင်းစာနာမှုနေ့ကို မြန်မာနိုင်ငံတွင်လည်းကျင်းပခဲ့ပြီး ယခုနှစ်တွင် ဦးသန့်၏ နေအိမ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဦးသန့်နေအိမ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့လူသားချင်းစာနာမှုနေ့ အထိမ်းအမှတ်ပွဲသို့ UN အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူငယ်များ၊ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းမှ လူငယ်များ၊ သံရုံးနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၆ ခုနှစ်တွင် တူရကီနိုင်ငံ အစ္စတန်ဘူမြို့တွင် လူသားချင်းစာနာမှုထိပ်သီးညီလာခံကို ကျင်းပသွားမည်ဖြစ်သည်။

ယင်းထိပ်သီးညီလာခံတွင် တက်ရောက်လာသောနိုင်ငံများက အစိုးရခေါင်းဆောင်များ၊ အရပ်ဘက်ပုဂ္ဂလိက ကဏ္ဍအသီးသီးက ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ၂၀၃၀ ရေရှည် ထိန်းသိမ်းနိုင်သော ဖွံ့ဖြိုးမှုအစီအစဉ်များနှင့်အညီ ဘေးဒုက္ခသိသာစွာ လျော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကြေညာသွားမည်ဟု ထုတ်ပြန်ထားသည်။ **သန့်ဇင်ဝင်း**

# ကံမမြို့နယ်၌ ကျေးလက်လူငယ်များကွန်ပျူတာနှင့် အင်တာနက်နည်းပညာပြန့်ပွားရေး သင်တန်းဆင်း

**ကံမ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်လူငယ်များ ကွန်ပျူတာနှင့် အင်တာနက်နည်းပညာပြန့်ပွားရေး သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

အဆိုပါသင်တန်း ဖွင့်လှစ်နိုင်သည့်အတွက် ကျေးလက်ဒေသရှိ လူငယ်လူရွယ်များအနေဖြင့် ကွန်ပျူတာ၊ အင်တာနက်နည်းပညာရပ်များအသုံးပြု၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများတွင် နည်းပညာအထောက်အကူရရှိစေနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့သည်။ **ကျော်ဇေယျဝင်း(ကံမ)**

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဩဂုတ်၂၀ရက် နံနက် ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက်အမှတ် (၄၁၆/ဃ)ရှိ အုတ်မြစ်တော်စီ မင်္ဂလာဌာန၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စုနှင့် မန်းမြင့်မိုရ်ဟိန်း ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရတနာငွေကြုတ်တော်ကို သတ်မှတ်ထားသည့်အုတ်မြစ်တော် အတွင်းထည့်သွင်းစီပေးပြီး အုတ်မြစ်တော်အလယ် ဗဟိုတွင် ပတ္တမြားအုတ်မြစ်တော်ကို စီပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကမ္ဗည်းမော်ကွန်းကျောက်စာကို စီပေးပြီးနောက် တာဝန်ရှိသူအသီးသီးတို့က အရပ်ရှစ်မျက်နှာရှိ သတ်မှတ်နေရာများတွင် ရတနာအုတ်မြစ်တော်တို့ကို တစ်ပြိုင်နက်တည်း ထည့်သွင်းစီပေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခြင်း၊ အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးခြင်းများ ဆောင်ရွက်ကြပြီးနောက် မင်္ဂလာစည်တော်ကြီးအဖွဲ့မှ အောင်စေပိုင်စေသီချင်းသီဆိုခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သော ရတနာအုတ်မြစ်တော်စီသည့် တိုင်းဒေသကြီးလွှတ်တော် ပင်မအဆောက်အအုံသည် အလျား ၂၉၀ ပေ၊ အနံ ပေ ၁၀၀၊ အာရ်စီနှစ်ထပ်ခွဲဖြစ်သည်။ **သီဟကိုကို(မန္တလေး)**



# တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျွန်းလှတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျွန်းလှ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပိတောက်မြိုင်ရပ်ကွက် မင်းရဲကျော်စွာလမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းရာတွင် လမ်းအရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၈၉၃၅၀၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူခင်းကြောင်း အင်ဂျင်နီယာ ဒေါ်မေဇော်ကိုက ပြောသည်။

ယခုလမ်းမှာယခင်က ကတ္တရာခင်းထားသော်လည်း အသွားအလာများပြီး နှစ်ကြာလာသည်နှင့်အမျှ လမ်းမှာ ပျက်စီးနေကြောင်း၊ အ-ထ-က-ကျောင်းရှေ့လမ်းဖြစ်၍ အသွားအလာများကြောင်း၊ မြို့ပတ်လမ်းနှင့်လည်းဆက်သွယ်ထားကြောင်း၊ ယခုလိုကတ္တရာထပ်ပိုးလွှာခင်းခြင်းကြောင့် ရဟန်းရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သွားလာရေး ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးသိုက်ထွန်းက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါ ရွေးကောက်ဆိုင်ရာ အသိပညာပေးသင်တန်းတွင် စဉ့်ကိုင်မြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၁) နှင့် အမှတ်(၂)တို့ရှိရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မဲရုံဖွင့်လှစ်မည့်ကျေးရွာခွဲများမှ ကော်မရှင်အဖွဲ့ခွဲဝင်များကို လွှတ်တော်ရွေးကောက်ပွဲဥပဒေ ကောက်နုတ်ချက်များ၊ သိမှတ်ဖွယ်ရာများ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူး၊ အဖွဲ့ဝင်များလုပ်ငန်းလမ်းညွှန်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# စက်စဲကျေးရွာ ကမ်းသာယာဓမင်းဆိပ်ပိုင်းတွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**သံဖြူဇရပ် ဩဂုတ် ၂၃**

သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ကမ်းသာယာဓမင်းဆိပ်ပိုင်းတွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီက အဆိုပါ ဓမင်းဆိပ်နယ်မြေရှိ ၁၁/၀ ဒသမ ၄ Kv ၂၀၀ KVA ဓာတ်အားခွဲရုံအရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးဦးအောင်သန်းဦးက ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကျေးလက်ဒေသအပါအဝင် ပြည်သူများအားလုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူများမှ လည်းလျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာနှင့် အန္တရာယ်ကင်းစွာ အသုံးပြုကြစေရေး ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ်းသာယာ ဓမင်းဆိပ်ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်ဦးတင်မောင်က လျှပ်စစ်ဓာတ်အားကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက်စက်စဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလွန်းရိုန်နှင့် ပြည်သူတစ်ဦးက ဓာတ်အားအသုံးပြုနိုင်ခဲ့သဖြင့် ဝမ်းမြောက်စကားပြောကြားခဲ့သည်။

ဓာတ်အားရရှိမှုကြောင့် ကမ်းသာယာဓမင်းဆိပ်တွင် အိမ်ထောင်စု ၁၃၀ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

# ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်သက်ဆိုင်သောလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရွှေဘို ဩဂုတ် ၂၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်သော လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား အသိပညာပေးဆွေးနွေးတင်ပြခြင်းအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်နှင့် သက်ဆိုင်သော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဖြစ်ပွားလာနိုင်သော ပြဿနာများနှင့် စိန်ခေါ်မှုများအား ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးအောင်းမင်းက တင်ပြခဲ့သည်။

ယင်းနောက် လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆွေကရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်သော လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီအသီးသီးက တာဝန်ရှိသူများ၊ မီဒီယာသမားများ၏ မေးမြန်းချက်များကို ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **စိုးသီဟ(Iprd)**



## ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**မြင်းခြံ သြဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာ(အနောက်) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်များမှ သြဂုတ် ၂၁ ရက် နံနက် ၁၀ နာရီ၌ သွား ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်ဆောက်လုပ်မှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းမီ အရည်အသွေး ပြည့်ဝသော ကုန်ကြမ်းပစ္စည်းများကို အသုံးပြုရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးစသည်တို့ကို ပြောကြားခဲ့သည်။ မြို့သာ(အနောက်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်သည် (ပေ ၁၂၀ × ၃၀)ရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၃ ဒသမ ၂ သန်းဖြင့် မြန်မာ့စန္ဒကူး ကုမ္ပဏီက တည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေးရာသို့ ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များကလိုက်ပါကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်း မြင်းမူမြို့၌ ဖွင့်လှစ်သင်ကြား

**မြင်းမူ သြဂုတ် ၂၃**

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာ ၁၀ ရွာအတွက် အရင်းမပျောက်မတည် ငွေကျပ်သိန်း ၃၀၀၀ ရရှိခဲ့ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းကို သြဂုတ် ၁၈ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ စီမံကိန်းဝင်ကျေးရွာများအား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးလက်စွဲစာအုပ်များ၊ ပိုစတာများနှင့် ဗီနိုင်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး သင်တန်းကို ပို့ချဆွေးနွေးရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်ဝင်းဝင်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း ဘာသာရပ်ကိုလည်းကောင်း၊ မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဘာသာရပ်ကိုလည်းကောင်း ပို့ချခဲ့ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေး ဘာသာရပ်ကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးက လူတစ်ဦးချင်းဝင်ငွေတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းကို နည်းပညာမြှင့်တင်၍ ကာလတို အကျိုးအမြတ်ရရှိနိုင်သည့် ဝက်နှင့် တိုင်းရင်းကြက်မွေးမြူရေး ဘာသာရပ်ကိုလည်းကောင်း ပို့ချခဲ့ကြောင်း သိရသည်။

ယင်းမြစိမ်းရောင်ကျေးရွာ စီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆင့်ပွားသင်တန်းသို့ မြင်းမူမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာ ၁၀ ရွာမှ ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင် သင်တန်းသား ၉၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**

## ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းရန် ပစ္စည်းများစုဆောင်း ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မတ္တရာ သြဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၅၀ သိန်းဖြင့် အမှတ်(၂)ရပ်ကွက်မြတ်လေးလမ်းအား အရှည်ပေ ၄၈၀၊ အကျယ် ၁၂ပေ၊ အမြင့် ၄ လက်မ လမ်းခင်းရန်အတွက် ကျောက်များ၊ ကတ္တရာများစုဆောင်းထားရှိမှုကို သြဂုတ် ၁၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် လမ်းဦးစီးဌာနမှတာဝန်ရှိသူများသည် အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုကော်မတီများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ဧရာဝတီတိုင်းဒေသကြီးရှိ ရေကြီးနစ်မြုပ်ခြင်းခံခဲ့ရသည့် ဒေသသို့ ကူညီရေးများဆောင်ရွက်ရန် အင်းလေးဒေသခံများသွားရောက်

**ညောင်ရွှေ သြဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေကြီးနစ်မြုပ်သည့် ဒေသများသို့ ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညောင်ရွှေမြို့နယ် အင်းလေးဒေသမှ အင်းလေးတောင်သူအဖွဲ့နှင့် တောင်ကြီးမြို့ မီးပုံးပျံချစ်သူများအဖွဲ့တို့ပူးပေါင်း၍ သြဂုတ် ၂၁ ရက်က စတင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ကို အဓိကထားပြီး သွားရောက်ကူညီမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုမှာ သွားရောက်ကူညီစဉ်ကအသုံးပြုခဲ့တဲ့ ကျွန်းစက်လှေတစ်စီးနဲ့ အခုမှအလှူရှင်တွေ စုပေါင်းလှူဒါန်းတဲ့ ကျပ်သိန်း ၃၀ တန် ဖိုင်ဘာစက်လှေတစ်စီး ပေါင်း နှစ်စီးကို ၁၂ ဘီးယာဉ်နဲ့ တင်ပြီး ကူညီရေးလုပ်ငန်းတွေကို သွားရောက် ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု အင်းလေး တောင်သူအဖွဲ့က ကိုခင်မောင်လတ်က ပြောသည်။

ယင်းအပြင် အိမ်ထောင်စု ၇၀၀ အတွက် ဆန်၊ ဆီ၊ အသင့်စားသောက်နိုင်သော အစားအစာများကိုလည်း လှူဒါန်းရန် သယ်ဆောင်သွားကြောင်း၊ လိုအပ်ပါက အင်းလေးတွင်ရှိသည့် စက်လှေများကို ထပ်မံမှာယူသွားမည်ဖြစ်ကြောင်း၊ အင်းလေးတောင်သူအဖွဲ့မှ လိုက်ပါဆောင်ရွက်သူ ၁၀ ဦးပါဝင်ပြီး ကူညီရေးလုပ်ငန်းများကို ပြီးစီးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြော ကြားခဲ့သည်။

အင်းလေးတောင်သူအဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင်လည်း ရေဘေးသင့် ပြည်သူများကို ကူညီရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့ပြီး ကိုးရက်အကြာတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့သို့ သွားရောက်ကူညီခြင်းဖြစ်သည်။ **နေမျိုးသူရိန်**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မိုးနဲ သြဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်ကျေးလက်နေ ဒေသခံကလေးငယ်များနှင့် ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာလာစေရန်နှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို သြဂုတ် ၂၁ ရက် နံနက် ၉ နာရီက နောင်မြိုင်းကျေးရွာအုပ်စု ကင်တုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက ကျေးရွာစာကြည့်တိုက်ကော်မတီများ၊ ကျောင်းစာကြည့်တိုက်ကော်မတီများ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာလာစေရန် ဆောင်ရွက်သွားရမည့် နည်းလမ်းများနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်မှူး ဒေါ်နန်းရွှေကြည်က 'စာအုပ်ဆိုတာ လူသားတို့အတွက် မိတ်ဆွေပါ' ခေါင်းစဉ်နှင့် ဟောပြောပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ၊ ရုပ်ပြနှင့်စာပေရေချမ်းစင်စာအုပ်များကို မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်မြသက်နွယ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ယင်းနောက် ချိတ်ဆွဲပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို တက်ရောက်လာကြသောပြည်သူများက စိတ်ဝင်းစားစွာလေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များအား ဆေးကုသ

**ကန့်ဘလူ သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်နှင့် သြဂုတ်လတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များအား ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၈ ရက်မှ သြဂုတ် ၂၀ ရက်ထိ ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ခြံများ ဆေးဖျန်းခြင်းနှင့် တိရစ္ဆာန်အစာများ ဖြန့်ဖြူးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တိရစ္ဆာန်တွေ ရေစိုမှာနေရတာဆိုတော့ အပူကန်ခြင်းနှင့် ခွာနာလျှာနာရောဂါတွေ ဖြစ်ပါတယ်။ လည်ချောင်းကွဲရောဂါ ပိုပြီးအဖြစ်များပါတယ်။ မြို့နယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ရေဘေးသင့်ကျေးရွာများအရောက် ခက်ခက်ခဲခဲသွားရောက်ပြီး ဆေးကုသပေးခဲ့ပါတယ်"ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးက ပြောသည်။



အဆိုပါ ရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များကို ဆေးကုသပေးရာတွင် ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး စုစုပေါင်း ၅၉၆၇ ကောင်၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေး ၁၇၆၁ ကောင်၊ ခွာနာလျှာနာရောဂါကာကွယ်ဆေး နွားအကောင် ၂၀၊ ဝက်အကောင် ၁၂၀ နှင့် အခြားဆေးကုသပေးသော ကျွဲ၊နွား ၃၄၃ ကောင်၊ ဝက် ၅၇၂ ကောင်၊ ခြံများ ဆေးဖျန်းခြင်းတွင် နွားခြံ ၂၉၀၊ ဝက်ခြံ ၃၈၆ နှင့် တိရစ္ဆာန်အစာအိတ် ၂၂၀ တို့ကို ဖြန့်ဖြူးပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံက သိရသည်။ ရေဘေးသင့်ကျေးရွာအချို့တွင်ကျွဲ၊ နွားတိရစ္ဆာန်အချို့ သေဆုံးမှုရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဟားခါးမြို့၏ ဘူမိဗေဒဆိုင်ရာတွေ့ရှိချက်များ ရှင်းလင်း

**ဟားခါး ဩဂုတ် ၂၃**

မကြာမီက မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ် ဟားခါးမြို့၏ ဘူမိဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များ အကြိုရှင်းလင်းပွဲကို ဩဂုတ် ၂၀ ရက် နေ့လယ် ၃ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ရင်ရင်နွယ်နှင့် သတ္တုတွင်းဝန်ကြီးနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဘူမိဗေဒပညာရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒေါက်တာဒေါ်စုစုကြည်က ဟားခါးမြို့ မြေပြိုမှုနှင့်ပတ်သက်၍ ဘူမိဗေဒဆိုင်ရာလေ့လာတွေ့ရှိချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ဒေါက်တာဒေါ်ရင်ရင်နွယ်နှင့် ဘူမိဗေဒပညာရှင်များက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဟားခါးမြို့ မြေပြိုမှုနှင့် ပတ်သက်၍ ဘူမိဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက် အသေးစိတ်ကို လာမည့် စက်တင်ဘာလတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာတွင် မြစ်ကမ်းပါးပြိုကျ

**ကန်ကြီးထောင့် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရှမ်းငူကျေးရွာတွင် ငဝန်မြစ်ရေမြင့်တက်လာပြီး ရေစီးပြင်းထန်လာမှုကြောင့် ဩဂုတ် ၁၄ ရက်တွင် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါး ပြိုကျမှုကြောင့် လူနေအိမ် လေးလုံးပျက်စီးခဲ့ပြီး ရှမ်းငူကျေးရွာ မြစ်ကမ်းဘက်ခြမ်းတွင် နေထိုင်သော လူနေအိမ်များ ရေဝင်နစ်မြုပ်ခဲ့သဖြင့် ရှမ်းငူဘုန်းတော်ကြီးကျောင်းသို့ အိမ်ထောင်စု ၄၅ စုမှ လူဦးရေ ၁၈၄ ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည်။

အဆိုပါရှမ်းငူကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်နှင့် ငပုတောမြို့နယ်အစပ် ငဝန်မြစ်ကမ်းဘေးတွင် တည်ရှိပြီး ပုသိမ်မှတစ်ဆင့် ကားလမ်းတစ်ဝက်၊ ရေလမ်းတစ်ဝက်ဖြင့် ဆက်သွယ်သွားလာရေး ခက်ခဲသောကျေးရွာလေး ဖြစ်သည်။ ယင်းဒေသရှိ ရေဘေးသင့် ပြည်သူများထံသို့ လာရောက်လှူဒါန်းသူ နည်းပါးနေကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပြီး ကျောင်းသား/သူများအား သွားကျန်းမာရေးစစ်ဆေး

**မြိတ် ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မြို့သစ်တွင် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေး စစ်ဆေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများအား ဒေါက်တာတင်နွယ်နီလတ်က သွားရောဂါကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဆရာမ ဒေါ်ခင်စန်းယုက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကိုလည်းကောင်း၊ အထက်တန်းသူနာပြု ဒေါ်ခင်မျိုးဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ဒေါက်တာယဉ်မင်းသိန်းက အိုင်အိုဒင်းချို့တဲ့ရောဂါ ပပျောက်ရေးအကြောင်းကိုလည်းကောင်း အသီးသီးပညာပေး ဟောပြောခဲ့ကြသည်။

ယင်းနောက် သွားဆရာဝန် ဒေါက်တာတင်နွယ်နီလတ်နှင့် သူနာပြုများက ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေးစစ်ဆေးပေးကြရာ မြိတ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်ထူး (မြိတ်ခရိုင် ပြန်/ဆက်)**

# အထွက်တိုး၊ ဝင်ငွေတိုးသည့် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှု သရုပ်ပြ ဆွေးနွေး

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာ တောင်သူဦးဖိုးခွေး၏ လယ်မြေတွင် ခေတ်မီသိပ္ပံနည်းကျ (GAP)စနစ်ဖြင့် စိုက်ပျိုးထားသော ချဉ်ပေါင်လျှော် (MK-1) စံပြကွက်တွင် သရုပ်ပြဆွေးနွေးပွဲကို ဩဂုတ် ဒုတိယပတ် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ထွန်း(ညွှန်ကြားရေးမှူး)က စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်သည့် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် သီးနှံအား ခေတ်မီသိပ္ပံနည်းကျ အထွက်တိုးစေပြီး ကျရောက်တတ်သော ရောဂါနှင့် ရောဂါသယ်ဆောင်ပိုး ကာကွယ်နှိမ်နင်းရေး အကျိုးပြုအင်းဆက်ပိုးများနှင့် ပိုးသတ်ဆေးသုံးစွဲရာတွင် ဂရုပြုဆောင်ရွက်သင့်သည့် အချက်များ၊ အပင်ပြုစုထိန်းသိမ်းရေး၊ တစ်ဧက အပင် ရေဝင်ဆံ့မှုနှင့် လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်မေမြတ်ဦးတို့က စိုက်ဧက တိုးတက်စိုက်ပျိုးရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ လျှော်အထွက်တိုးရေးအတွက် စနစ်တကျခုတ်သိမ်းရန်လိုကြောင်း ဆွေးနွေးပြီး လက်တွေ့ခုတ်သိမ်း သရုပ်ပြခဲ့သည်။

ကျောင်းကုန်းမြို့အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဂုန်လျှော်နှစ်ဧက၊ ချဉ်ပေါင်လျှော် ၁၁၈ ဧက စုစုပေါင်းဧက ၁၂၀ စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# စေတုတ္တရာမြို့ပေါ်တွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၂၃**

မုန်းချောင်းရေကြီးမှုများကြောင့် စေတုတ္တရာမြို့ပေါ်ရှိ နေအိမ်များနှင့် လမ်းများပေါ်တွင် ရွှံ့ညွန်သဲနုန်းများနှင့် အမှိုက်များ တင်ကျန်ရစ်ခဲ့ရာ မြို့ပေါ်နေပြည်သူများ သွားလာရေးခက်ခဲနေ၍ သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီတွင် စုပေါင်းဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် လိုက်လံသိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# စန်းလုရွာ၌ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အခမဲ့ ကျန်းမာရေးစစ်ဆေးကုသပေး

**တာချီလိတ် ဩဂုတ် ၂၃**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စီစဉ်မှုဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု စန်းလုကျေးရွာနှင့် အနီးပတ်ဝန်းကျင် ဒေသခံတိုင်းရင်းသားပြည်သူ ၇၆ ဦးကို ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

